ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (4-4-2007) (၅၂၈၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော်　ဧပြီ　၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua တက်ရောက်သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၄-၄-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး လူသားများသည် မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသတွင် အခြေချနေထိုင်ခဲ့ကြကြောင်း ၁၉၀၀ ပြည့်လွန်နှစ်များကပင် ရှာဖွေတွေ့ရှိခဲ့သည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဆိုင်ရာ အထောက်အထားများကို မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ရှာဖွေတွေ့ရှိခဲ့ရာ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် လူသားများ၏ အတိတ်က ရှင်သန်ရပ်တည်ခဲ့မှုနှင့် သမိုင်းတင် တည်ရှိနေသည့် အရင်းအမြစ်များဖြစ်ရာ ပစ္စုပ္ပန်၌လည်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားကြရမည်ဖြစ်သည်။

အာဆီယံနိုင်ငံများရှိ သမိုင်းဝင်အဆောက်အအုံများနှင့် အခြားယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ၊ ထိန်းသိမ်းမှုနည်းလမ်းများနှင့် နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ၂၀၀၇ ခုနှစ် မတ်လ ၃၁ ရက်နေ့က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါ စာတမ်းဖတ်ပွဲတွင် အာဆီယံနိုင်ငံများမှ ပညာရှင်များ၊ သုတေသီများ တက်ရောက်ကြပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ စာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတွင် ဘုရားစေတီ ပုထိုးပေါင်းများစွာကို ဖူးတွေ့နိုင်သည့်အပြင် ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများစွာကိုလည်း လေ့လာတွေ့ရှိနိုင်ဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အမျိုးသားရေးတာဝန်အဖြစ် ခံယူထားသည်နှင့်အညီ သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးမြန်မာဘုရင်များ၏ နန်းတော်နှင့် မြို့ရိုးများတူးဖော်ခြင်း၊ ကျောက်စာ၊ မော်ကွန်းဝင်ပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်း လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ နှစ်ပေါင်းထောင်ချီ၍ တည်တံ့ခိုင်ခံ့ခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ အဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အနုပညာလက်ရာများသည် မြန်မာတို့၏ မျိုးရိုးဇာတိဂုဏ်မြင့်မားမှုကို ဖော်ညွှန်းလျက်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အာဆီယံဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ် ပေါများကြွယ်ဝသောနိုင်ငံဖြစ်ရာ အာဆီယံနိုင်ငံများနှင့် ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ယခုထက်ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သမိုင်းတန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ ရေရှည်တည်တံ့နေစေရေး ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်းရပ်ကွက်(၁၃၅)လမ်းနေ ဦးဝေခင်-ဒေါ်လီ၊ သမီး သက်သက်ဝေ၊ မခိုင်နှင်းဝေ၊ မပြည့်ဖြိုးဝေ၊ မအိဖြိုးဝေ၊ သား ချမ်းငြိမ်းကိုကို မိသားစုက ကျောင်းမြေအတွက် ငွေကျပ် ၁၀၀၀၀၀ နှင့် ကျောင်းအဆောက်အအုံအတွက် ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်း အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားခရိုင် နွေစပါးစိုက်ပျိုးမှုနှင့် ရေဆင်းငါးလုပ်ငန်းဦးစီးဌာန ငါးမွေးမြူရေးနှင့် ရေဆင်းရေလှောင်တမံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ပျဉ်းမနားခရိုင် နွေစပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးမှု၊ ရေဆင်းငါးလုပ်ငန်းဦးစီးဌာန၏ ငါးမွေးမြူရေးနှင့် ရေဆင်းရေလှောင်တမံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်တပ်ကျေးရွာရှိ တောင်သူဦးမောင်ကို၏ နွေစပါးစိုက်ခင်း၌ တိုက်ရိုက်အစေ့ချကိရိယာဖြင့် စိုက်ပျိုးသည့် လေးဧက စိုက်ကွက်သို့ ရောက်ရှိပြီး ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးမှတ်ကြီး၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ရေဆင်းငါးလုပ်ငန်း ဦးစီးဌာနသို့ ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူးဦးမောင်ချစ်က ရေဆင်းငါးလုပ်ငန်းဦးစီးဌာန ဖွင့်လှစ်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်၊ မြက်စားငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း စသည့် ငါးအမျိုးအစားအလိုက် ငါးသားပေါက်များ မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ရေဆင်းရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေဆင်းရေလှောင်တမံသို့ ရောက်ရှိရာ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ရေဆင်းရေလှောင်တမံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးက လာမည့်နှစ်တွင် ဆည်မှ စိုက်ပျိုးရေလွှတ်နိုင်မှုကို ကွန်ကရစ်လမ်းဘေးအထိ လွှတ်နိုင်ရန်လိုကြောင်း၊ နေပြည်တော်လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဆည်မြောင်းဦးစီးဌာန ပျဉ်းမနားခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပို့ဆောင်ရေး ဦးစီးဌာနနှင့် ဒေသခံတောင်သူ လယ်သမားများ လုပ်ငန်းညှိနှိုင်းမှုများ၊ ကြိုတင် အစီအမံများ ပြုလုပ်သွားရန် လိုကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် တံလျှပ်ဆိပ် စက်တပ်ရေယာဉ်မိသားစုများ၏ ပထမအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ မဏ္ဍပ်ဖွင့်ပွဲကို မတ် ၂၈ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တံလျှပ်ဆိပ် စက်တပ်ရေယာဉ်ဥက္ကဋ္ဌ ဦးတင်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းပညာရေးဗိမာန်တော်ကြီးအတွက် စမ်းချောင်းမြို့နယ် ဗဟိုလမ်း ရွှေလောင်းလမ်းထိပ်နေ ကျောင်းအလှူရှင် ဦးဟန်ဖေ-ဒေါ်တင်ကြည်တို့အား ရည်စူး၍ ဦးကျော်မြင့်-ဒေါ်ညွန့်ရီ မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင် အထွေထွေ အတွင်းရေးမှူး ဒေါ်မြရှင်(သီရိသုဓမ္မသိင်္ဂီ)ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ ကြီးမှူး၍ ကူးတို့ဆိပ်ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တ ပညာသင်တန်းဆင်းပွဲကို မတ် ၃၀ ရက်က အမက(၁၇)ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်လင်းက ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းအား ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပေးအပ်စဉ်။ (၃၀)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် နိုင်ငံတစ်ဝန်း ဆောင်ရွက်သွားမည်

ရန်ကုန် ဧပြီ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးများသို့ သွားရောက်၍ နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် နံနက် ၉နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သဃ်္ဃန်းကျွန်းကြီးရပ်ကွက် အမှတ်(၃)လမ်းမကြီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တိုင်းဦးစီးဌာနမှူး ဦးလှဒေါင်းတို့က မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှု၊ အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားမှု၊ အသက် (၁၀)နှစ်မှ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (ပျောက်ဆုံး၊ပျက်စီး) မိတ္တူလျှောက်ထားမှုများနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးရာဇဝင်မှတ်တမ်းများ စနစ်တကျ သိမ်းဆည်းထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရုံးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရာတွင် ပါဝင်ပံ့ပိုး ကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် စိစစ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက် ဘုရင့်နောင်လမ်းမရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြပြီး မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မြို့နယ်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေး စနစ်တကျ ဆောင်ရွက်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးက ရုံးခန်းမ၌ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးသန်းတင်က စိစစ်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးပြီး မှတ်တမ်းခန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် မြို့သစ်(၈)ရပ်ကွက် ငစိန်လမ်းရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်နှင့် တာဝန်ရှိသူများနှင့်အတူ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးသည် ရုံးခန်းမ၌ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် စိစစ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးကြပြီး မှတ်တမ်းခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြပြီး ဝန်ကြီးက ရုံးခန်းမ၌ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးရာတွင် လွယ်ကူအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ကြရေးအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် စိစစ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုများကို ကြည့်ရှုအားပေးကြပြီး မှတ်တမ်းခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိရေး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်ပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စမ်းချောင်းမြို့နယ် လင်းလွန်း(တောင်)ရပ်ကွက် ဗားကရာလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ရုံးခန်းမ၌ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် စိစစ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်(၁၀) မြို့နယ်တွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ စိစစ်ထုတ်ပေးခဲ့ရာ ဧပြီ ၂ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ ၂၇၆ဦး၊ သာကေတမြို့နယ်၌ ၁၈၁ ဦး၊ သဃ်္ဃန်းကျွန်းမြို့နယ်၌ ၁၉၉ ဦး၊ တောင်ဥက္ကလာပမြို့နယ်၌ ၁၅၆ ဦးနှင့် မြောက်ဥက္ကလာပမြို့နယ်၌ ၃၅၁ဦး စုစုပေါင်း ၁၁၆၃ ဦးတို့အား လည်းကောင်း၊ ဧပြီ ၃ ရက် ယနေ့တွင် မင်္ဂလာဒုံမြို့နယ်၌ ၂၇၂ဦး၊ ရွှေပြည်သာမြို့နယ်၌ ၁၇၃ဦး၊ အင်းစိန်မြို့နယ်၌ ၁၈၈ဦး၊ မရမ်းကုန်းမြို့နယ်၌ ၂၁၅ဦးနှင့် စမ်းချောင်းမြို့နယ်၌ ၂၄၂ဦး စုစုပေါင်း ၁၀၉၀တို့အားလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် နိုင်ငံတစ်ဝန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ရွှေပြည်သာမြို့နယ် မြို့နယ်ဦးစီးဌာနမှူးရုံးတွင် နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးနေ့

၂၀၀၇ ခုနှစ်၊ ဧပြီလ (၇) ရက်

WORLD HEALTH DAY

7-4-2007

အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့

" Invest in health, build a safer future"

ကျန်းမာရေးဝန်ကြီးဌာန

စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua နှင့် သံရုံးအဖွဲ့ဝင်များလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

ညှော့သည်တော် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအားမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်–

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Pekquine Injection (Chloroquine Phosphate 325.5 mg, eq. to Base 200mg, Lignocaine HCL 50 mg)	Liwinner Pharmaceuticals Limited Partnership Thailand	Thailand
၂။	Cencenac G Tablets (Diclofenac Sodium 25mg)	Central Poly Trading Co., Ltd.	ဖော်ပြထားခြင်း မရှိပါ
၃။	Sirepar Liver extract Injection (Hepatic Hydrolyze fluid extract eq. to Vitamin B12 10 ug/ml)	Mediline Co.,Ltd.Thailand	Thailand
၄။	Alupine Tablet	Lerd Singh Pharmaceuticals Fact,Ltd.,Part, Thailand	Thailand
၅။	Nivagin Injection(Sodium Phenyl-dimethyl-pyrazolone-methyl-amino-methane sulphonate (Metamizol) 0.5G, Lidocaine HCL 0.01G)/ml	T.P Drug Laboratories (1969)Co.,Ltd.Thailand	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဂျော်ဒန်တွင် ဇီဝမျိုးကွဲများ ထိန်းသိမ်းရေး ရက္ခဗေဒဥယျာဉ် တည်ထောင်မည်

အမ္မန် ဧပြီ ၂

ဂျော်ဒန်ပြည်တွင်းရှိ ဇီဝမျိုးကွဲများ ပျက်စီးပျောက်ပျက်ခြင်း မရှိစေရန် ထိန်းသိမ်းသည့်အနေဖြင့် ဂျယ်လ်အယ်လ်ဂူမန်အရပ်တွင် ရက္ခဗေဒဥယျာဉ်တစ်ခု တည်ထောင်သွားရန် စီစဉ်နေကြောင်း ဂျော်ဒန်နိုင်ငံသတင်းစာက မတ် ၃၀ ရက်တွင် ဖော်ပြသည်။

ဖန်တီး

ဇီဝမျိုးကွဲများနှင့် သက်ဆိုင်သော အသိပညာများ ပြည်သူများ ရရှိစေရန် သိပ္ပံနည်းကျ သုတေသန ပြုလုပ်နိုင်စေရန်၊ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်ရန်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းထားရှိရာ ဗဟိုဌာနအဖြစ် ဖန်တီးရန်ဟူသော ရည်ရွယ်ချက်များဖြင့် တော်ဝင်ဇီဝဥယျာဉ်ကို ဖန်တီးခြင်းဖြစ်ကြောင်း ထိုစီမံကိန်းကို အကောင်အထည်ဖော်သူဘတ်စ်မာဘန်နဲ့ အလီက ပြောကြားသည်။

ပြုစုပျိုးထောင်

ထိုဥယျာဉ်ကို နှစ်နှစ်အတွင်း တည်ထောင်နိုင်ဖွယ်ရာရှိပြီး နယ်မြေအကျယ်အဝန်းမှာ ဧက ၄၅၀မျှ ရှိမည်ဖြစ်သည်။ ဇီဝမျိုးကွဲများ၊ ရက္ခဗေဒဆိုင်ရာ အပင်များနှင့် ပရဆေးပင်များလည်း ဥယျာဉ်နယ်မြေအတွင်း ပြုစုပျိုးထောင်ထားမည်ဖြစ်သည်။

ဂျော်ဒန်နိုင်ငံသည် မူလက ဇီဝမျိုးကွဲများ ကြွယ်ဝသော နိုင်ငံဖြစ်သည်။ သဘာဝဇီဝမျိုးကွဲပေါင်း ၂၀၀၀ ကျော် တည်ရှိသည်။ သို့သော် မြို့ပြများ မြန်ဆန်စွာ ကြီးထွားလာခြင်း၊ လူဦးရေ လျင်မြန်စွာ တိုးပွားလာခြင်းနှင့် မြေယာအသုံးချမှု ကြီးကြပ်ထိန်းချုပ်မှု အားနည်းခြင်းတို့ကြောင့် ဇီဝမျိုးကွဲများ ပပျောက်တော့မည့် အခြေအနေနှင့် ရင်ဆိုင်လာရကြောင်း ဘတ်စ်မာဘန်နဲ့ အလီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မော်တော်ဆိုင်ကယ် စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဧပြီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ခိုးကူးခွေများကို ရှာဖွေပေးနေသော လာဘရာဒေါ အနံ့ခံခွေးနှစ်ကောင်ကို ဧပြီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် ရေလွှမ်းမိုး

ကဘူး ဧပြီ ၂

အာဖဂန်နစ္စတန်တွင် ရေလွှမ်းမိုးမှုကြောင့် လူ ၅၀နီးပါးသေဆုံးကြောင်း၊ အိမ်ခြေများစွာ ပျက်စီးပြီး ပြည်သူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ကြရကြောင်း တာဝန်ရှိသူများက ဧပြီ ၁ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးမြေဟက်တာထောင်ပေါင်းများစွာ ပျက်စီးပြီး မြို့တော်ကဘူးအပါအဝင် နိုင်ငံအနှံ့အပြားရှိတံတားများပျက်စီးသွားကြောင်း သတင်းတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်း ဒိုင်ကွန်ဒီပြည်နယ်၌ သေဆုံးသူ ၃၀ထက်မနည်းရှိပြီး ဟာရတ်ပြည်နယ်၌ သေဆုံးသူ ရှစ်ဦး၊ အခြားဒေသများတွင်သေဆုံးသူ၁၁ဦးရှိကြောင်းပြည်နယ်နှင့် ဗဟိုအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်၌ နှစ်အတန်ကြာ မိုးခေါင်နေရာမှ မိုးသည်းစွာ ရွာသွန်းသဖြင့် ကျွဲ၊ နွားရာပေါင်းများ စွာလည်း သေဆုံးသည်။

အမ်အင်အေ၊ရိုက်တာ။

ဗီယက်နမ်ပင်လယ်ကမ်းခြေတွင် ရေနံယိုဖိတ်မှု စုံစမ်းစစ်ဆေး

ဟန်နွိုင်း ဧပြီ ၂

ဗီယက်နမ်နိုင်ငံမှ နာမည်ကျော်ကြားသည့် ကမ်းခြေအများစုတွင် ရေနံယိုဖိတ်မှုများ ထူးထူးဆန်းဆန်း ဖြစ်ပွားခဲ့သည့် ပြဿနာနှင့် ပတ်သက်၍ ဗီယက်နမ်ဝန်ကြီးချုပ်က နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန် အမိန့်ထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မိမိတို့ ပင်လယ်ပြင်တွင် သင်္ဘောများနှင့် လေယာဉ်များကို အသုံးပြုပြီး စုံစမ်းစစ်ဆေးမှုများကို စေ့စေ့စပ်စပ် ပြုလုပ်ခဲ့ရာ ရေနံတွင်းများ အန္တရာယ်ကင်းရှင်းစွာ လည်ပတ်နေပြီး ရေနံဖိတ်စဉ်မှုမရှိခဲ့သည်ကို တွေ့ရှိခဲ့ကြောင်း ငုယင်တန်ဒွန်က လွှတ်တော်တွင် ပြောကြားသည်။

ယခုနှစ်အတွင်း ရေနံဖိတ်စဉ်မှု နှစ်ကြိမ်ဖြစ်ခဲ့သည်ဟု ၎င်းက ရည်ညွှန်းပြောကြားခဲ့သည်။ တစ်ကြိမ်မှာ ဇန်နဝါရီလအတွင်း နိုင်ငံ၏အလယ်ပိုင်းရှိ ကမ်းခြေတွင် ဖြစ်ပွားခဲ့ပြီး ဒုတိယအကြိမ်မှာ တောင်ပိုင်းကမ်းခြေ တစ်လျှောက်တွင် မတ် ၁၁ ရက်က ဖြစ်ပွားခဲ့သည်ဟု စုံစမ်းသိရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ ရေနံဖိတ်စဉ်မှုသည် ဗီယက်နမ်ပြင်ပမှ ရေနံစိမ်း ဖိတ်စဉ်မှုဖြစ်သည်ဟု နိုင်ငံပိုင်ရေနံကုမ္ပဏီ၏ ဥက္ကဋ္ဌဒင်လာသန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်မှ တပ်ရုပ်သိမ်းရန်ကိစ္စ သမ္မတ သဘောမတူလျှင် စစ်ပွဲအရေးပေါ်ရန်ပုံ ငွေဖြတ်တောက်မည့်အဆို တင်သွင်းမည်

ဝါရှင်တန် ဧပြီ ၃

အမေရိကန်သမ္မတက အီရက်မှတပ်ဖွဲ့များ ပြန်ရုပ်သိမ်းရေး အချိန်ဇယားကို ပယ်ချလျှင် အီရတ်စစ်ပွဲအတွက် အသုံးပြုရန် လျာထားသော ရန်ပုံငွေများကို ဖြတ်တောက်သွားရန် အဆိုကို ဒီမိုကရက်တစ် ဆီးနိတ်အမတ် ဟယ်ရီရိဒ်က တင်သွင်းထားသည်။

အကယ်၍ သမ္မတဘုရှ်က တပ်ရုပ်သိမ်းရေး အချိန်ဇယားကို ပယ်ချလျှင် မိမိသည် ဒီမိုကရစ်တစ်အမတ် ရပ်စ်ဖင်ဂိုးလ်နှင့် ပူးပေါင်းမည်ဖြစ်ကြောင်း အသိပေးထားသည်။ ရပ်စ်ဖင်ဂိုးလ်က စစ်အသုံးစရိတ် ရန်ပုံငွေကို ငြင်းပယ်ခြင်းအားဖြင့် အီရတ်စစ်ပွဲကို အဆုံးသတ်သွားစေရန် တောင်းဆိုထားသူဖြစ်သည်။ အမေရိကန်ပြည်သူများက ဆန့်ကျင်သောစစ်၊ အမျိုးသားလုံခြုံရေးကို ပျယ်ပြားစေသောစစ်ပွဲကို အမေရိကန်ကွန်ဂရက်အနေဖြင့် ရပ်တန့်ပစ်ရန် တာဝန်ရှိသည်ဟု ရပ်စ်ဖင်ဂိုးလ်က ပြောကြားသည်။

အမေရိကန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်စလုံးက အီရတ်စစ်ပွဲအတွက် အရေးပေါ်အသုံးစရိတ်နှင့် တပ်များပြန်ရုပ်သိမ်းရန် အချိန်ဇယားတို့ကို အတည်ပြုပြီးဖြစ်သည်။ သို့သော် အမေရိကန်သမ္မတက တပ်ရုပ်သိမ်းရေးကိစ္စပါသော ဆုံးဖြတ်ချက်ကို ဗီတိုအာဏာသုံး၍ ပယ်ချရန် ခြိမ်းခြောက်လျက်ရှိသည်။

ဆီးနိတ်က ဆုံးဖြတ်ထားသော ဥပဒေကြမ်းတွင် ကန်တပ်များကို အီရတ်နိုင်ငံမှ ၂၀၀၈ခုနှစ် မတ်လကုန်တွင် အပြီးရုပ်သိမ်းသွားရန်ဟူ၍ ပါရှိသည်။

အမ်အမ်အေ၊ဆင်ဟွာ။

ဒီဗွီဒီခိုးကူးခွေများကို အနံ့ခံခွေးများဖြင့် ရှာဖွေ

ကွာလမ်လာပူ ဧပြီ ၂

မလေးရှားနိုင်ငံတွင် ဒီဗွီဒီရုပ်ရှင်ခိုးကူးခွေများကို ရှာဖွေဖော်ထုတ်နိုင်ရန် လေ့ကျင့် သင်ကြားပေးထားသည့် ခွေးနှစ်ကောင်က ဒီဗွီဒီ ရုပ်ရှင်ခိုးကူးခွေများကို ဒုတိယအကြိမ် ရှာဖွေဖော်ထုတ်ပေးခဲ့ရာ အမေရိကန် ဒေါ်လာ ၄၃၀၀၀၀ ကျော်တန်ဖိုးရှိ ဒီဗွီဒီအခွေများကိုဖမ်းဆီးရမိကြောင်း ဒေသခံသတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားသည်။

ရုပ်ရှင်ခိုးကူးခွေ တိုက်ဖျက်ရေးတာဝန်ရှိ ပုဂ္ဂိုလ်များသည် သတင်းအရ ကွာလာလမ်ပူမြို့ရှိ ဆိုင်တစ်ဆိုင်ကို ဝင်ရောက်ရှာဖွေခဲ့ရာ မည်သည့်ပစ္စည်းမျှ တွေ့ရှိခဲ့ခြင်းမရှိပေ။ ထို့နောက် လပ်ကီးနှင့် ဖလိုအမည်ရှိ ခွေးနှစ်ကောင်ကို အသုံးပြုပြီး ယင်းဆိုင်၏ လျှို့ဝှက်အခန်းတစ်ခန်းမှ ဒီဗွီဒီရုပ်ရှင် ခိုးကူးခွေအချပ် ၁၅၀၀၀၀ ထက်မနည်းကို အနံ့ခံရှာဖွေနိုင်ကြောင်း နယူးဆန်းဒေးတိုင်းမ် သတင်းစာက ရေးသားသည်။

အဆိုပါ ခွေးနှစ်ကောင်သည် မိနစ်ပိုင်းအတွင်း အခန်းအတွင်းရှိ သို၀ှက်ထားသည့် ဒီဗွီဒီအချပ်များကို အနံ့ခံဖော်ထုတ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ။

ပေကျင်း-ဗင်ကူးဗားလေကြောင်းခရီးစဉ်ပျံသန်းမည်

ပေကျင်း ဧပြီ ၂

ကနေဒါလေကြောင်းလိုင်းသည် ယခုနှစ် ဇူလိုင် ၂ရက်မှ အောက်တိုဘာ ၁ရက်ထိ တရုတ်နိုင်ငံ ပေကျင်းနှင့် ကနေဒါနိုင်ငံ ဗင်ကူးဗားအကြား နေ့စဉ်ခရီးစဉ်များကို ဒုတိယအကြိမ် တိုက်ရိုက်ပျံသန်းမည်ဖြစ်သည်။

ရှန်ဟိုင်းနှင့် တိုရွန်တိုအကြားခရီးစဉ်ကို ဧပြီ ၁၃ ရက်မှ ဇွန် ၃၀ ရက်အထိ ရက်သတ္တတစ်ပတ်လျှင် ခရီးစဉ်နှစ်ကြိမ်မှ သုံးကြိမ်အထိလည်းကောင်း၊ ဇူလိုင် ၁ ရက်မှ ဆောင်းဦးပေါက်ရာသီ ကျရောက်ရန် ရက်သတ္တပတ် သုံးပတ်အလိုအထိ ရက်သတ္တတစ်ပတ်လျှင် ခရီးစဉ် ခုနစ်ကြိမ်အထိလည်းကောင်း လေယာဉ်ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်သည်။

နှစ်နိုင်ငံအကြား လေကြောင်းခရီးစဉ်သစ်များကို ပုံမှန်နှုန်းထားထက် ၅၀ရာခိုင်နှုန်းနီးပါးမျှ တိုးချဲ့ပျံသန်းပေးမည့် ခရီးစဉ်သစ်များဖြစ်ကြောင်း ကနေဒါလေကြောင်းကွန်ရက် စီမံကိန်းဌာန ဒုတိယဥက္ကဋ္ဌ ဒါနယ်လ်ရှဇ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီတွင် ဘိန်းဖြူ ၃၅၈ကီလို ဖမ်းဆီးရမိ

အင်ကာရာ ဧပြီ ၃

တူရကီအကောက်ခွန် ဝန်ထမ်းများသည် ပြီးခဲ့သော သီတင်းပတ်က ဘိန်းဖြူ ၃၅၈ ကီလို ဖမ်းဆီးမိခဲ့ကြောင်း အနာတိုလီရာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ဂရိနှင့် ဘူလ်ဂေးရီးယားသို့ သွားသော တောင်ကြားလမ်းဒေသတွင် ဘတ်စ်ကားတစ်စီးပေါ်၌ မတ် ၃၀ရက်က ဘိန်းဖြူ ၃၀၅ ကီလိုဂရမ်ခန့်ကို ဖမ်းဆီးပြီး နောက်တစ်ရက်တွင် အစ္စတန်ဘူလ်ပန်ဒစ်ရိုရို ပင်လယ်ဆိပ်ကမ်းတွင် ဘိန်းဖြူ ၅၃ကီလိုကို ထပ်မံ ဖမ်းဆီးရမိကြောင်း တာဝန်ရှိသူကာဆက်ဒ်တူဇ်မန်က ပြောကြားသည်။

တူရကီသည် အာရှအလယ်ပိုင်းဒေသနှင့် အရှေ့အလယ်ပိုင်းဒေသမှ ဖြတ်သန်းကာ မူးယစ်ဆေးဝါးများကို အနောက်ဥရောပသို့ တင်ပို့ရာလမ်းကြောင်းပေါ်တွင် တည်ရှိနေသည်။ ၂၀၀၅ ခုနှစ်အတွင်း တူရကီ မူးယစ်ဆေးဝါး နှိမ်နင်းရေးတပ်ဖွဲ့များသည် ဘိန်းဖြူ ၆၆၆၃ကီလိုကို ဖမ်းဆီးနိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် တေလာအရပ်တွင် အဆိပ်ပြင်းသော သံကွင်းဆက် မြွေတစ်ကောင်နှင့် အလမ္ပာယ်ပြသနေသူတစ်ဦးကို ဧပြီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ ကော်လိုရာဒို ဒေသတွင် တော်နေးဒိုးလေဆင်နှာမောင်း တိုက်ခတ်ပြီးနောက် အပျက်အစီးများကို မေ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင် တိုးတက်စေရေး သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများ မြှင့်တင်

ပေကျင်း မေ ၂

နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် တိုးတက် ကောင်းမွန်စေရေးအတွက် သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများ၌ ပြည်သူများ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ဟွေလျန်ယုက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

စိုက်ပျိုးခဲ့

၂၀၀၆ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သစ်တောဖုံးလွှမ်းသော နယ်မြေအကျယ်အဝန်းမှာ ဟက်တာ ၅ ဒသမ ၂၃ သန်းအထိ တိုးတက်လာကြောင်း၊ စေတနာ့ဝန်ထမ်း ပြည်သူများက သစ်ပင်ပေါင်း ၂ ဒသမ ၁၆ ဘီလီယံအထိ စိုက်ပျိုးခဲ့ကြကြောင်း ဟွေက ပြောကြားသည်။

လူဦးရေ တိုးတက်လာမှုနှင့် ကမ္ဘာကြီးပိုမိုပူနွေးလာမှုတို့ကြောင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများမှာ ပိုမိုခက်ခဲလာကြောင်း ၎င်းက ပြောကြားသည်။

တိုက်တွန်း

တရုတ်ပြည်သူ့ကွန်ဂရက်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အရ အသက် ၁၁နှစ်အထက်ရှိ နိုင်ငံသားတိုင်း နှစ်စဉ် သစ်ပင်စိုက်ပျိုးရန် တိုက်တွန်းထားသည်။

၂၀၀၆ ခုနှစ်တွင် ပြည်သူဦးရေ၏ ၅၅ရာခိုင်နှုန်းက သစ်ပင်စိုက်ပျိုးခဲ့ကြောင်း နိုင်ငံတော် သစ်တော အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြသည်။

သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းတွင် ပြည်သူတို့ ပိုမိုပါဝင်လာစေရေးအတွက် ယခုနှစ်တွင် စည်းရုံးလှုံ့ဆော်သွားမည် ဖြစ်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ် လက်ဖက်ခြောက် တင်ပို့မှု ပထမ သုံးလပတ်တွင် ဒေါ်လာ ၂၁ သန်းဖိုးရှိ

ဟနွိုင်း မေ ၃

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်ကာလတွင် အမေရိကန်ဒေါ်လာ ၂၁ သန်းတန်ဖိုးရှိ လက်ဖက်ခြောက် တန် ၂၁၀၀၀ ကို ပြည်ပသို့တင်ပို့ခဲ့ကြောင်း ပြည်တွင်းကုန်သွယ်ရေးအဖွဲ့တစ်ဖွဲ့က တနင်္လာနေ့တွင် ကြေညာသည်။

ဗီယက်နမ်နိုင်ငံမှ လက်ဖက်ခြောက်များကို အများဆုံးဝယ်ယူသည့် နိုင်ငံများတွင် ပါကစ္စတန်၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရတ်၊ ဂျာမနီ၊ ပိုလန်နှင့် အမေရိကန်နိုင်ငံတို့ပါဝင်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသတင်းပြန်ကြားရေးဌာနက ကြေညာသည်။

ဗီယက်နမ်နိုင်ငံ၌ လက်ဖက်ပင် ဟက်တာ ၁၁၀၀၀၀နီးပါးနှင့် လက်ဖက်ခြောက်ကုမ္ပဏီပေါင်း ၆၀၀ ရှိသည်။ ယင်းနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၉၀ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၁၄၀၀၀၀ တင်ပို့ရန် ရည်မှန်းထားသည်။ လက်ဖက်ခြောက်ကုမ္ပဏီများသည် ပို့ကုန်ဈေးကွက်များတိုးချဲ့ခြင်း၊ အရောင်းမြှင့်တင်ရေးအစီအစဉ်များ ချမှတ်ခြင်း၊ လက်ဖက်ခြောက်အရည်အသွေး မြှင့်တင်ခြင်းနှင့် ကုန်အမှတ်တံဆိပ်များ စနစ်တကျသုံးစွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၃ သန်း တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၉၇၀၀၀ ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၈၉၀၀၀ ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၁ သန်းတန်ဖိုးရှိ လက်ဖက်ခြောက် တန် ၁၀၅၀၀၀ ကိုလည်းကောင်း ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပေါ်တူဂီနိုင်ငံ၌ ပြုလုပ်သည့် ကားမောင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသော ကားတစ်စီးကို မေ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြက်ငှက်ကောင်ရေ တစ်သန်းခွဲ ကူဝိတ်တွင် သုတ်သင်ရှင်းလင်း

ကူဝိတ်စီးတီး မေ ၂

ကူဝိတ်နိုင်ငံတွင် မွေးမြူရေး ကြက်ငှက်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသဖြင့် ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ကြက်ငှက်ကောင်ရေ ၁ ဒသမ ၅ သန်းကို သုတ်သင်ရှင်းလင်းလိုက်ကြောင်း ကျန်းမာရေးအထက်တန်းတာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရှာဖွေတွေ့

မွေးမြူရေး ကြက်ငှက်များကို စမ်းသပ်စစ်ဆေးရာ၌ ကြက်အကောင် ၄၀ နီးပါးတွင် H_5N_1 ဗိုင်းရပ်စ်ပိုးကို ရှာဖွေတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီး အယ်လ်မူဘာရက်က ပြောကြားသည်။

ယနေ့အထိ လူတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို မတွေ့ရကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ကြက်ငှက်များကို ထိတွေ့ကိုင်တွယ်သူ ၅၅၂ ဦးရှိပြီး ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုများအား စမ်းသပ်ရာတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး ကူးစက်ခံရမှုမရှိကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဂျင်တီးနားပြည်နယ်များတွင် ရေလွှမ်းမိုး၊ ငါးဦးသေဆုံး

ဗျူနိုအေရီ မေ ၂

အာဂျင်တီးနားနိုင်ငံရှိ ပြည်နယ်သုံးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးလျက်ရှိကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် လူငါးဦးသေဆုံးပြီး ပြည်သူ ၆၀၀၀၀ ခန့်မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာခဲ့ကြရကြောင်း မြို့ပြကာကွယ်ရေးအာဏာပိုင်များက စနေနေ့တွင် ပြောကြားသည်။

ရေလွှမ်းမိုးမှုဒဏ်ကို အဆိုးရွားဆုံးခံစားရသော ပြည်နယ်မှာ ဆန်တာဖေးပြည်နယ်ဖြစ်သည်။ ယင်းပြည်နယ် တွင် လူပေါင်း ၃၀၀၀၀ ခန့်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဆန်တာဖေးပြည်နယ်တွင် နေအိမ်တစ်လုံး ပြိုကျကာ မြစ်အတွင်း မျောပါသွားသဖြင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့ရသည်။ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အဆိုပါလူသုံးဦး၏ အလောင်းများကို ဆယ်ယူရရှိခဲ့သည်။

အာဂျင်တီးနားနိုင်ငံ အရှေ့ပိုင်း အင်ထရီတီရော့စ်မြို့တွင် ရေလွှမ်းမိုးမှုကြောင့် လူ ၈၀၀၀ ခန့် နေအိမ်များကို စွန့်ခွာခဲ့ကြရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မက္ကဆီကို မူးယစ်ဆေးဝါးဂိုဏ်း ခေါင်းဆောင် ဖမ်းဆီးရမိ

တီယွန်နာ(မက္ကဆီကို) မေ ၂

မူးယစ်ဆေးဝါး ဂိုဏ်းတစ်ဂိုဏ်း၏ ခေါင်းဆောင်တစ်ဦးကို မက္ကဆီကို ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ဖမ်းဆီးရမိကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံ တီယွန်နာမြို့ရှိ မူးယစ်ဆေးဝါးဂိုဏ်း၏ ခေါင်းဆောင်အဖြစ် မသင်္ကာရသူ ဗစ်တာ မဂ္ဂနို အက်စကိုဘာအား ဖမ်းဆီးရမိကြောင်း၊ ယင်း ဂိုဏ်းသည် အမေရိကန် ကယ်လီဖိုးနီးယားပြည်နယ်နှင့် ထိစပ်နေသော နယ်စပ်ဒေသတွင် လှုပ်ရှားနေသည့် ဂိုဏ်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အသက် ၂၉ နှစ်အရွယ်ရှိ အက်စကိုဘာနှင့်အတူ လူရှစ်ဦးကို ဖမ်းဆီးထားကြောင်း၊ ၎င်းတို့နှင့် ရဲတပ်ဖွဲ့ဝင်ဟောင်းသုံးဦးပါဝင်ကြောင်း၊ လက်နက်အလက် ၃၀ ခန့်ကိုလည်း ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တောင်ကိုရီးယားနှင့် အမေရိကန် ကုန်သွယ်ရေး သဘောတူညီချက် ထုတ်ပြန်ကြေညာနိုင်ခြင်းမရှိ

ဆိုးလ် မေ ၂

နှစ်နိုင်ငံ ကုန်သွယ်ရေး သဘောတူညီချက်ကို မေ ၂ရက်ထက် နောက်မကျဘဲ ထုတ်ပြန်ကြေညာရန် တောင်ကိုရီးယားနှင့် အမေရိကန်တို့ အချိန်ဇယား သတ်မှတ်ခဲ့သော်လည်း ယင်းသို့ ကြေညာနိုင်ခြင်းမရှိကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ကန့်ကွက်ဆန္ဒပြ

တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ ကုန်သွယ်ရေး သဘောတူညီချက်သည် ၁၅နှစ်အတွင်း အကြီးကျယ်ဆုံးသော ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်လိမ့်မည်ဟု ဆိုသည်။

ထိုစဉ်အတွင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် နှစ်နိုင်ငံ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ကို ကန့်ကွက်သည့်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

ကွဲလွဲနေ

အမဲသားနှင့် လိမ္မော်သီးတို့ အပါအဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်ပစ္စည်းများကဏ္ဍ၊ မော်တော်ယာဉ်လုပ်ငန်းကဏ္ဍနှင့် အထည်အလိပ်လုပ်ငန်းကဏ္ဍတို့နှင့် သက်ဆိုင်နေသော ကုန်သွယ်ရေး ကိစ္စရပ်များတွင် သဘောထား ကွဲလွဲနေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ပစိဖိတ်သမုဒ္ဒရာအတွင်း ဆော်လမွန်ကျွန်းတွင် ငလျင်နှင့် ဆူနာမီ ရေလှိုင်း ရိုက်ခတ်ပုံကို ကောင်းကင်ဓာတ်ပုံမှတ်တမ်း၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံခြား သတင်းများ

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် နှလုံးသွေးကြောရောဂါ

(ပါမောက္ခဒေါ်ခင်မေခန်း)

နှလုံးနှင့်သွေးကြောရောဂါများသည် တစ်ကမ္ဘာလုံးနည်းတူ မြန်မာနိုင်ငံတွင် အဖြစ်များလာသည်ကို တွေ့ရှိနေရပါသည်။ မြန်မာနိုင်ငံတွင် ဤရောဂါများကို ဖြစ်စေသော အဓိကကျသော အခြေခံအကြောင်းအရာများသည် ဆေးလိပ်သောက်ခြင်းနှင့် သွေးတိုးခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဆေးလိပ်သောက်သုံးသည့် အလေ့အကျင့်သည် အမေရိကတိုက် အင်းဒရင်းလူမျိုးတို့ထံမှ ကိုလံဘတ်(စ်) ဥရောပတိုက်သို့ သယ်ဆောင်လာသည်မှ စတင်ခဲ့သည်။ ၂၀ ရာစုကျော်လာချိန်တွင် ဆေးလိပ်သောက်သည့် အလေ့အကျင့်သည် ရေပန်းစားလာပြီး အမျိုးသားများသာမက အမျိုးသမီးများပါ သောက်သုံးလာကြသည်။ ဤအလေ့အကျင့် ခေတ်စားလာသည်နှင့်အမျှ အဆုတ်ကင်ဆာရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နှုန်းများ တရိပ်ရိပ်တက်လာသည်ကို ဆေးပညာရှင်များက သတိပြုမိလာကြရာ အဆိုပါရောဂါများနှင့် ဆေးလိပ်သောက်ခြင်း၏ ဆက်စပ်မှုကို ၁၉၅၀ ပြည့်နှစ်မှစ၍ သုတေသနပြု လေ့လာခဲ့ကြသည်။ သုတေသီများ၏ တွေ့ရှိချက်အရ ဆေးလိပ်ကြောင့် ရောဂါဖြစ်ကြောင်းကို ၁၉၆၄ ခုနှစ်တွင် ဆေးပညာလောက၌ အတိအလင်း ကြေညာပြီးနောက် ၁၉၈၃ ခုနှစ်တွင် ဆေးလိပ်သည် နှလုံးသွေးကြောရောဂါကို ဖြစ်စေသည့် အကြောင်းအချက်တို့တွင် အဓိကကျရုံသာမက ဆေးလိပ်ဖြတ်ခြင်းဖြင့် ထိရောက်စွာ ကာကွယ်နိုင်ကြောင်းကိုလည်း သိရှိနားလည်လာကြသည်။ ၁၉၈၉ ခုနှစ်တွင် ဆေးလိပ်သောက်ပါက နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးသွေးကြောပိတ်ခြင်းတို့ ဆေးလိပ်မသောက်သူထက် ၅၀ ရာခိုင်နှုန်း ပို၍ဖြစ်ကြောင်း၊ အမျိုးသား၊ အမျိုးသမီးမရွေး ဆေးလိပ်အရေအတွက်များလေ၊ သောက်သည့်ကာလ ကြာရှည်လေ၊ ရောဂါဖြစ်နှုန်းများလေဟူသော ဆက်နွယ်မှုကြီးကိုလည်း တစ်ဆင့်တိုး၍ သိရှိလာကြပြန်သည်။ ဤကဲ့သို့ ခိုင်မာလှသည့် သက်သေသာဓကများကြောင့် ဆေးလိပ်၏အန္တရာယ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအပါအဝင် ကျန်းမာရေးအသင်းအဖွဲ့များက ကမ္ဘာကို အသိပညာပေး နှိုးဆော်လာကြသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့တွင် ပါဝင်သော ဓာတုပစ္စည်းများ

ဆေးလိပ်နှင့် ဆေးရွက်ကြီးတွင် လူ၏ကိုယ်ခန္ဓာကို အန္တရာယ်ပြုစေနိုင်သည့် ဓာတုပစ္စည်းအမျိုးပေါင်း ၂၀၀၀ ခန့်ပါဝင်သည်။ ထိုဓာတုပစ္စည်းများတွင် နီကိုတင်း၊ တားခေါ် ကတ္တရာဓာတ်နှင့် ကာဗွန်မိုနောက်ဆိုက်ဓာတ်တို့လည်း ပါဝင်ကြသည်။

(၁) ဆေးလိပ်တွင်ပါဝင်သည့် နီကိုတင်းဓာတ်သည် စိတ်ကိုစွဲလမ်းစေသော အာနိသင်ရှိသည်။ နှလုံးခုန်နှုန်းကိုမြန်စေ၍ သွေးပေါင်ချိန်ကို တက်စေသဖြင့် နှလုံးကိုသာမန်ထက်ပိုပြီး အလုပ်လုပ်စေသည်။ သွေးလွှတ်ကြောများကိုလည်း ကျုံ့စေခြင်းဖြင့် ကိုယ်အင်္ဂါရပ်များသို့ လျှောက်သွားသော သွေးပမာဏကို နည်းစေသည်။

(၂) တားခေါ် ကတ္တရာဓာတ်သည် မီးခိုးခေါင်းတိုင်တွင် ကျပ်ခိုးများ ပိတ်ဆို့သကဲ့သို့ အဆုတ်၏လေပြွန်များကို ပိတ်စေပြီး အသက်ရှူကျပ်စေသည်။

(၃) ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့သည် ဆေးလိပ်ငွေ့ထဲတွင်ပါရှိပြီး နှလုံးခုန်နှုန်းကို မြန်စေသည်။ သွေးထဲတွင် အောက်စီဂျင်ဓာတ်၏နေရာကိုယူခြင်းဖြင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများစွာအား လိုအပ်သည့် အောက်စီဂျင်ဓာတ် အရနည်းစေသည်။

အထက်ဖော်ပြပါ ဓာတုပစ္စည်းများအပြင် ပိုးသတ်ဆေး၊ ကြွက်သတ်ဆေး၊ ပရုတ်လုံး၊ ကြမ်းတိုက်ဆေး၊ ခြင်နိုင်ဆေး၊ သုတ်ဆေး၊ ချွတ်ဆေး၊ မော်တော်ကားဘက်ထရီထဲထည့်သည့် ဓာတုဆေးရည်၊ မီးခြစ်ထဲထည့်သော ဓာတ်ငွေ့ရည် စသည်တို့တွင်ပါဝင်သော အဆိပ်များနှင့် အလားတူသည့် အခြားမြောက်မြားစွာသော အဆိပ်များလည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးတွင် ပါဝင်လျက်ရှိပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့၏ မကောင်းသောအကျိုးသက်ရောက်မှု

ယခုမျက်မှောက်ကာလတွင် ကမ္ဘာပေါ်၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့ကြောင့် အသက်ဆုံးရှုံးသူ လူဦးရေပေါင်း တစ်နှစ်လျှင် ငါးသန်းရှိသည်ဟု သိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကြောင့် အသက်ဆုံးရှုံးရသည့် ပမာဏသည် အေအိုင်ဒီအက်စ်ခေါ် ခုခံအားကျဆင်းသည့်ရောဂါ၊ အရက်နှင့် မူးယစ်ဆေးဝါးကြောင့် သေဆုံးမှု၊ မတော်တဆ ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးမှုတို့ စုပေါင်းထားသည့် အသက်ဆုံးရှုံးသူလူဦးရေထက် များနေပါသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကြောင့် အသက်ဆုံးရှုံးရသည့် ပမာဏသည် လက်ရှိနှုန်းထားအတိုင်း ဆက်သွားမည်ဆိုလျှင် ၂၀၂၅ ခုနှစ် တွင် ၁၀ သန်းအထိ ဖြစ်မည်ဟု ကြိုတင်တွက်ချက်၍ရပါသည်။ ယခု ၂၁ ရာစုတွင် ဆေးလိပ်သုံးစွဲမှု အလေ့အထကြောင့် လူဦးရေ သိန်း ၁၀၀၀ အသက်ဆုံးရှုံးရမည်ဖြစ်ကြောင်းနှင့် ဤဖော်ပြပါ ကိန်းဂဏန်းသည်ပြီးခဲ့သည့် ၂၀ ရာစုထက် ၁၀ ဆဖြစ်သည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးနှိုးဆော်ထားပါသည်။

မြန်မာနိုင်ငံတွင် သုတေသနများအရ လွန်ခဲ့သော ၁၀ နှစ်ကြာကာလက ဆေးလိပ်သောက်သည့်နှုန်းမှာ ရာခိုင်နှုန်း ၆၀ ခန့်ရှိခဲ့ရာမှ ယခုလက်ရှိနှုန်းထားမှာ ၃၀ရာခိုင်နှုန်းဖြစ်သည်ဟု သိရှိရပါသဖြင့် ကျေနပ်အားရဖွယ်ဖြစ်သော်လည်း ရန်ကုန်နှင့် မန္တလေး ဆေးရုံကြီးများရှိ နှလုံးအထူးကြပ်မတ်ဆောင်များတွင် တက်ရောက်ကုသသည့် နှလုံးသွေးကြောပိတ်လူနာများတွင် ၅၀ မှ ၆၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သူများ ဖြစ်ကြသည်။ ယင်းလူနာများ၏ ၅၀ –၆၀ရာခိုင်နှုန်း၌ သွေးတိုးရောဂါရှိကြသဖြင့် ဆေးလိပ်နှင့် သွေးတိုးရောဂါတို့သည် မြန်မာနိုင်ငံတွင် နှလုံးသွေးကြောရောဂါဖြစ်စေသည့် အဓိကတရားခံများ ဖြစ်ကြသည်ဟု ကောက်ချက်ချရမည်ဖြစ်ပါသည်။ သို့ပါ၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့သည် ကမ္ဘာတစ်ဝန်းရှိ လူသားတို့၏ ကျန်းမာရေးနှင့် သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက်အကြီးမားဆုံးသော အဟန့်အတားဖြစ်ပြီး ထိရောက်စွာ ကာကွယ်သင့်သော အန္တရာယ်ကြီးဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။

ဆေးလိပ်သည် အရွယ်မရွေး ကျန်းမာရေးနှင့် အသက်ကိုပါ အန္တရာယ်ပြုသည်။ ဆယ်ကျော်သက်အရွယ်မှ ဆေးလိပ်စသောက်ပါက ဆေးလိပ်သောက်သည့် လူငယ်ဦးရေ၏တစ်ဝက်သည် ဆေးလိပ်နှင့်ပတ်သက်သည့် ရောဂါတစ်စုံတစ်ခုကြောင့် လူလတ်ပိုင်းအရွယ်တွင် အသက်ဆုံးရှုံးနိုင်ပါသည်။ သက်တမ်းမစေ့မီ ၂၄ နှစ်မှ ၂၆ နှစ်အထိစောပြီး အသက်ဆုံးရှုံးနိုင်သည်သာမက အသက်ရှင်လျက်ရှိသည့်ကာလမှာလည်း ရောဂါဖိစီးသည့်ဒဏ်ကို ခံစားရမည်ဖြစ်ပါသည်။

ဆေးလိပ်သောက်သူ၏ ဘေးထွက်ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့် ကလေးသူငယ် အများအပြားသည် အဆုတ်နှင့် လေပြွန်ချောင်းရောဂါများကြောင့်လည်းကောင်း၊ အရွယ်ရောက်သူ လူလတ်များနှင့်လူကြီးအမြောက်အမြားသည် အဆုတ်နှင့်လေပြွန်ရောဂါ၊ ကင်ဆာရောဂါ၊ နှလုံးရောဂါတို့ကြောင့်လည်းကောင်း အသက်ဆုံးရှုံးရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထပ်မံ၍ သတိပေးထားပါသည်။

ဆေးလိပ်သောက်သုံးသည့် ကိုယ်ဝန်ဆောင်မိခင်တွင် သားအိမ်အတွင်းရှိ သန္ဓေသားပျက်ကျနိုင်ပြီး ကလေးအသေ မွေးဖွားခြင်း၊ ပေါင်ချိန်မပြည့်ဘဲ မွေးဖွားခြင်းစသည်တို့ ဖြစ်နိုင်သဖြင့် ဆေးလိပ်သည် အရွယ်မရွေး၊အချိန်အခါမရွေး လူကိုအန္တရာယ်ဖြစ်စေသည်ဟု ဆိုရပါမည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့ကြောင့်ဖြစ်သောရောဂါများ

(၁) ကင်ဆာရောဂါများ ဖြစ်နိုင်ပါသည်။ ပါးစပ်နှင့်ခံတွင်း၊လည်ချောင်း၊ အဆုတ်နှင့်လေပြွန်၊ အသံအိုး၊ အစာပြွန်၊ ဆီးအိမ်၊ ကျောက်ကပ်၊ ပန်းခရိုရပ်နှင့် သားအိမ်ခေါင်း စသည်တို့တွင် ကင်ဆာရောဂါ ဖြစ်နိုင်ပါသည်။

(၂) လေပြွန်ယောင်ခြင်းနှင့် အဆုတ်ပွရောဂါတို့ ဖြစ်နိုင်ပါသည်။ ဆေးလိပ်ငွေ့ကြောင့် လေပြွန်များ၏ နံရံရှိအမြွေးငယ်များ ပျက်စီးရပြီး၊ ဖုန်၊ အမှိုက်၊ ပိုးမွှားနှင့် ချွဲသလိပ်များကို မဖယ်ရှားနိုင်တော့သည့်ပြင် လေပြွန်ကြွက်သားများ ကျုံ့သောကြောင့် ဆေးလိပ်သောက်သူတို့သည် အသက်ရှူကျပ်လာသည်။ အောက်စီဂျင်ဓာတ်မလုံလောက်၍ တစ်ကိုယ်လုံးပြာလာသည်အထိ ခံစားရတတ်သည်။ နှလုံး၏လက်ယာဘက်အခန်းကြီးပြီး၊ နှလုံးညှစ်အားနည်းရောဂါကြောင့်မောခြင်း၊ ဖောခြင်းတို့ ဖြစ်လာမည်။ အဆုတ်ပွရောဂါနှင့် အဆုတ်ပွနှလုံးရောဂါ ဖြစ်စေသည့် အကြောင်းရင်း၏ ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်သည်။

(၃) နှလုံးနှင့် သွေးကြောရောဂါများကို ဖြစ်စေသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကြောင့် သွေးလွှတ်ကြောတို့၏ နံရံများပျက်စီးလာကာ အဆီများပိတ်ဆို့ပြီး၊ နှလုံးသွေးကြောကျဉ်းရာမှ နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောကျဉ်းရာမှ သွေးကြောပိတ်ပြီး လေဖြတ်ခြင်း၊ ခြေ လက်များ၏ သွေးကြောများပိတ်သဖြင့် ခြေ၊ လက်ပုပ်ခြင်း စသည်တို့ ဖြစ်နိုင်သည်။ သွေးတိုးရောဂါဖြစ်ခြင်းကို အားပေးသည့်ပြင် သွေးကျဆေးများ၏ အာနိသင်ကိုလျော့စေသည်။ သွေးလွှတ်ကြောအကြီးများ၏ နံရံပျက်ပြား၍ ဖောင်းလာပြီး သွေးကြောပေါက်သည်အထိလည်း ဖြစ်လာနိုင်ပါသည်။ ဆေးလိပ်စသောက်သည့် အရွယ်ငယ်လေလေ ဆေးလိပ်အန္တရာယ်များလေလေ ဖြစ်သည်။ ဆယ်ကျော်သက်အရွယ်မှစ၍ ဆေးလိပ်သောက်သူများ လူလတ်ပိုင်းသို့ရောက်လာလျှင် ဆေးလိပ်မသောက်သူများထက် နှလုံးသွေးကြောပိတ်ရန် လေးဆမှခြောက်ဆ ပိုများသည်။အမျိုးသမီးများ ဆေးလိပ်သောက်ပါက ဆေးလိပ်မသောက်သူများထက် ခြောက်ဆမှကိုးဆပို၍ နှလုံးသွေး ကြောကျဉ်းရောဂါဖြစ်သည်။ အမျိုးသမီးများ၏ သွေးကြောကျဉ်းရောဂါများကို အကာအကွယ်ပေးသော “မ”ဟော်မုန်း ဓာတ်သဘာဝကို ဆေးလိပ်က ပြောင်းစေသောကြောင့် ဖြစ်ပါသည်။ အထူးသတိပြုရန်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကြောင့် အသက်ဆုံးရှုံးမှုများတွင် နှလုံးသွေးကြောပိတ်ခြင်း သည် အကြီးဆုံးသော တရားခံဖြစ်သည်။

(၄) မျိုးဆက်ပြန့်ပွားရေးကို ပျက်စီးစေနိုင်သည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးသည့် အမျိုးသားများသည် ပန်းသေရောဂါဖြစ်တတ်ပြီး၊ ကျားသုတ်ပိုးအရေအတွက် နည်းလာသည်။ အမျိုးသမီးများမှာ မြို့တတ်ကာ ကိုယ်ဝန်ဆောင်လျှင်လည်း ကိုယ်ဝန်သားပျက်ကျခြင်း၊ ကလေးအသေ မွေးဖွားခြင်း၊ လမစေ့၊ ပေါင်ချိန်မပြည့်သောကလေး မွေးခြင်းတို့ကြောင့် ကလေးအဖတ်မတင်တတ်ပါ။

(၅) ဆေးလိပ်သောက်သုံးလျှင် အတွင်းတိမ်ဖြစ်တတ်ပြီး မျက်စိအမြင်လွှာကို ပျက်စီးစေသောကြောင့် အမြင်အာရုံ ဆုံးရှုံးတတ်ပါသည်။

(၆) ဆေးလိပ်နှင့် ဆေးရွက်ကြီးသည် ခံတွင်း၊ ဆံပင်၊ လက်၊ အဝတ်အထည်တို့ကို အနံ့ဆိုးစေပြီး၊ သွားနှင့်လက်များကို ညစ်ပေသော အစွန်းထင်စေကာ မျက်နှာတွင် အသားအရေ တွန့်စေသည်။ ထို့ကြောင့် အရွယ်ကိုကျစေသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့်ဖြစ်တတ်သော ကိုယ်ခန္ဓာပျက်ပြားမှုများကို စာရင်းပြုစုပါလျှင် အသိပညာတိုးလာသည့်အလျောက် ယခုထက် နောင်ကာလတွင် ပို၍တိုးလာမည်မှာ အမှန်ပင်ဖြစ်သည်။ အစီခံပါသော၊ ကတ္တရာဓာတ်နည်းသော၊ နီကိုတင်းဓာတ်နည်းသော စသည်ဖြင့် မည်သို့ပင် ကြေညာသော်လည်း ကျန်းမာရေးကို ထိခိုက်မည်ဖြစ်ပါသည်။

ဆေးလိပ်တစ်လိပ်သောက်ရုံမျှနှင့်ကျန်းမာရေးထိခိုက်နိုင်ပါသလား

ဆေးလိပ်တစ်လိပ်သောက်ရုံမျှနှင့် သင်၏သွေးပေါင်ချိန် တိုးပြီး နှလုံးခုန်နှုန်း မြန်လာမည်။ ကိုယ်ခန္ဓာအနှံ့အပြား သွေးလည်ပတ်မှုနည်းလာ၍ အောက်စီဂျင်ဓာတ်အရ နည်းလာမည်။ ဆေးလိပ်တစ်လိပ်သည် အသက်ကို ရှစ်မိနစ် တိုစေသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့၏ အန္တရာယ်ပမာဏ

ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးသူများသည် မသောက်သုံးသူများထက်

(၁) အဆုတ်ကင်ဆာဖြစ်နှုန်း ၂၀မှ ၂၅ ဆပိုသည်။

(၂) နှလုံးသွေကြောပိတ်နှုန်း နှစ်မှ သုံးဆပိုသည်။

(၃) ရုတ်တရက် သေဆုံးခြင်း သုံးဆပိုဖြစ်သည်။

(၄) မကျန်းမာသော ကာလစုစုပေါင်း ၃၀ ရာခိုင်နှုန်း–၆၀ ရာခိုင်နှုန်း ပိုသည်။

ဆေးလိပ်သောက်တတ်သော အမျိုးသားသည် ဆေးလိပ်မသောက်သူထက် (၇–၈)နှစ်စော၍ နှလုံးသွေးကြောပိတ်သည်။ ဆေးလိပ်သောက်တတ်သော အမျိုးသမီးသည် ဆေးလိပ်မသောက်သူထက် ၁၆–၁၉ နှစ်စော၍ နှလုံးသွေးကြောပိတ်သည်။ ဆေးလိပ်သောက်တတ်သော အမျိုးသမီးသည် ကိုယ်ဝန်တားဆေးကိုပါ တစ်ပြိုင်တည်း သောက်သုံးလျှင် နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ခြင်းတို့ အဆပေါင်း ၂၀ ပိုဖြစ်သည်။

ပတ်ဝန်းကျင်လေထုထဲရှိ ဘေးထွက်ဆေးလိပ်ငွေ့

ဆေးလိပ်မသောက်တတ်သော်လည်း ဆေးလိပ်သောက်သူနှင့် အနီးကပ်နေထိုင်ရသူသည် ပတ်ဝန်းကျင်လေထုထဲတွင်ရှိသော ဆေးလိပ်ငွေ့ကို အမြဲတစေရှူရှိုက်နေရပါသည်။ ယင်းဘေးထွက် ဆေးလိပ်ငွေ့သည် မီးညှိထားသော ဆေးလိပ်နှင့် ဆေးလိပ်သောက်သူက မှုတ်ထုတ်လိုက်သော အခိုးအငွေ့များဖြစ်သည်။ ဘေးထွက်ဆေးလိပ်ငွေ့ထဲ၌ အန္တရာယ်ဖြစ်စေသော အဆိပ်ဓာတုပစ္စည်း မြောက်မြားစွာပါသဖြင့် ပတ်ဝန်းကျင်လေထုနှင့် ရောစပ်ထားသော်လည်း ရောဂါများဖြစ်စေသည်။ ဘေးထွက်ဆေးလိပ်ငွေ့၌ ဆေးလိပ်သောက်သူ ရှူရှိုက်သည့် ပင်မဆေးလိပ်ငွေ့ထက် နီကိုတင်းနှင့် ကတ္တရာဓာတ် သုံးဆပိုများသဖြင့် ကင်ဆာရောဂါကို အဆပေါင်း ၅၀ ပို၍ဖြစ်စေသည်ဟု သိရှိရပါသည်။ ဘေးထွက်ဆေးလိပ်ငွေ့သည် ဆေးလိပ်သောက်သူများ၏ အိမ်ထောင်ဘက်များတွင် သာမန်လူများထက် ကင်ဆာရောဂါများနှင့် နှလုံးသွေးကြောပိတ်ရောဂါများကို ပို၍ဖြစ်စေသည်။ ဘေးပတ်ဝန်းကျင်ရှိ လူတို့၌ အသက်ရှူလမ်းကြောင်းပြဿနာများနှင့် အဆုတ်နှင့် နှာခေါင်းကင်ဆာရောဂါများ ဖြစ်စေသည်။ ဘေးထွက်ဆေးလိပ်ငွေ့သည် မျက်စိ၊ နှာခေါင်းနှင့်လည်ချောင်းတို့ကို ယားယောင်ခြင်း ဖြစ်စေသည်။ တစ်နေ့လျှင် ဆေးလိပ်အလိပ် ၂၀ မျှ နေ့စဉ်သောက်သူများနှင့် အတူနေပြီး ဘေးထွက်ဆေးလိပ်ငွေ့ကို အမြဲတစေ ရှူရှိုက်နေရသူသည် မိမိကိုယ်တိုင် ဆေးလိပ် တစ်နေ့သုံးလိပ် သောက်သကဲ့သို့ ကျန်းမာရေး အန္တရာယ်ရှိသည်။ သာမန်လူများထက် နှလုံးသွေးကြောပိတ်နှုန်း ၂၀၊ ၃၀ ရာခိုင်နှုန်းပိုများသည်။ မွေးကင်းစကလေးများနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များသည် အတူနေလူကြီးတစ်ယောက်၏ ဘေးထွက်ဆေးလိပ်ငွေ့ကြောင့် ကိုယ်အလေးချိန်ပုံမှန်ထက် လျော့နည်းခြင်း၊ ရုတ်တရက်အိပ်ရင်း အသက်ရှူရပ်ပြီးသေဆုံးခြင်း၊ လေပြွန်နှင့်အဆုတ်ယောင်ခြင်း၊ နားကိုက်၊ နားပြည်ယိုခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ အဆုတ်ကြီးထွားမှုနှေးခြင်းတို့နှင့် ကြုံတွေ့ရတတ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာ့ကလေးဦးရေထက်ဝက်ဖြစ်သည့် ကလေးပေါင်း သန်း ၇၀၀ သည် နေ့စဉ်နှင့်အမျှ မိမိတို့၏နေအိမ်တွင်းမှာပင် လေထုထဲရှိ ဘေးထွက်ဆေးလိပ်ငွေ့ကို ရှူရှိုက်လျက်ရှိကြသည်။ ဆေးရွက်ကြီးကိုပုံစံအမျိုးမျိုးနှင့်(ဥပမာ– ကွမ်းယာ)စားသုံးခြင်းသည် ခံတွင်းကင်ဆာရောဂါ ဖြစ်စေသော အရေးကြီးဆုံး အကြောင်းအချက် ဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဇီးချောင်းရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်တွေခရိုင်နှင့် ကျောက်တော်မြို့နယ်တို့မှ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ မတ် ၂၉ ရက် ညနေပိုင်းတွင် ကျောက်တော်မြို့နယ်ရှိ မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဘုရားကြီးဘက်စုံမွမ်းမံပြုပြင်ရန်အတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့သို့ လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်တော်မြို့နယ် ဇီးချောင်းကျေးရွာအနီး ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်လျက်ရှိသော ဇီးချောင်းရေလှောင်တမံစီမံကိန်းသို့သွားရောက်၍ တည်ဆောက်နေသည့် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ပင်မတမံတည်ဆောက်နိုင်ရန် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဘူမိဗေဒစမ်းသပ်ပြီးစီးမှုနှင့် ဒီဇိုင်းပုံစံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးတာဝန်ခံများအား ပတ်ဝန်းကျင်၌ အသေးစားရေအားလျှပ်စစ်ထုတ်ယူရရှိရေးနှင့် ဆည်ရေသောက်ဖြစ်လာမည့် ဒေသပတ်ဝန်းကျင်၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများ ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇီးချောင်းရေလှောင်တမံသည် နှစ်စဉ် ရေဧကပေ ၁၃၂၀၀ စီးဆင်းသည့် ဇီးချောင်းပေါ်၌ မြေသားတမံပိတ်၍ ရေလှောင်ကန်တွင် ရေဧက ပေ ၆၅၉၀ သိုလှောင်ကာ စိုက်ပျိုးရေပေးဝေမည့် စီမံကိန်းဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ကျောက်တော်မြို့နယ် ဇီးချောင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၃

ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် မူလသစ္စာ ဒီပက ဝိပဿနာအဖွဲ့ချုပ်၏ (၆၅)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားကို ဓမ္မကထိက ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရ၊ ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေ (ရန်ကုန်)နှင့် ဦးခင်မောင်လွင်တို့က ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများ ဧပြီ ၁၁ ရက် ညနေ ၅ နာရီအရောက် လာကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူများနှင့် တရားစခန်းဝင်လိုသူများ ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ ဓမ္မကထိက ဦးခင်မောင်ရီ ဖုန်း-၅၇၇၄၉၄၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်လှိုင် ဖုန်း-၅၄၆၈၃၈၊ အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၉-၉၉၂၇၃၈၀ နှင့် ဘဏ္ဍာရေးမှူး ဦးစိုးလွင် ဖုန်း-၅၇၂၄၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရခိုင်ရိုးရာသင်္ကြန်ပွဲ စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၃

လှိုင်သာယာမြို့နယ် အောင်မြေသာယာရွှေစေတီတော်ရှေ့ ညောင်တုန်းလမ်းမကြီးပေါ်ရှိ တံတားဖြူမှတ်တိုင်အနီးတွင် တတိယအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲကို စည်ကားစွာ ဆင်နွှဲကြမည်ဖြစ်သည်။

ရိုးရာအစဉ်အလာမပျက် နံ့သာသွေးပွဲ၊ ဘုရားရေချိုးပွဲ၊ ရခိုင်စည်တော်ယိမ်းကပွဲနှင့် ရိုးရာယိမ်းကပွဲများအပြင် ဝါသနာရှင်များ၏ တစ်ဦးချင်း သီချင်းဆိုပွဲနှင့် စုံတွဲသီချင်းများကို ပျော်ရွှင်စွာ သီဆိုကပြဖြေဖျော်ကြမည်ဖြစ်ပြီး လောင်းလှေကြီးများဖြင့် စည်ကားသိုက်မြိုက်စွာ ရေပက်ကစားကြမည်ဖြစ်ရာ မည်သူမဆိုလာရောက် ရေကစားကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(ကြေးမုံ)

ပုပ္ပားကျောင်း သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် နာယက (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်မှ ကဆုန်လဆန်း ၆ ရက်အထိ ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ၊ သိက္ခာထပ်ပွဲ၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

ဧပြီ ၁၂ရက်တွင် ဒုလ္လဘရဟန်းသိမ်ဝင်ခြင်း၊ သီလရှင်ဝတ်ခြင်း၊ ဘဒ္ဒန္တပဏ္ဍိစ္စအား (၁၄၄)ကြိမ်မြောက် သိက္ခာထပ်ခြင်း ပြုလုပ်မည်ဖြစ်သည်။ တရားစခန်းဝင်မည့်ယောဂီများ ဧပြီ ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် အရောက်လာရမည်ဖြစ်ပြီး တရားစခန်းဝင်ယောဂီများအတွက် အရုဏ်ဆွမ်းတစ်ရက်စာ ကျပ် ၂၀၀၀၀၊ နေ့ဆွမ်းတစ်ရက်စာ ကျပ် ၃၀၀၀၀၊ အချိုပွဲတစ်ရက်စာ ကျပ်၁၀၀၀၀ဖြင့် ဖုန်း-၆၀၀၀၂၈၊ ၆၀၀၂၄၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သရက်တော (၃)လမ်းရှိ မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ရေယာဉ်နှင့်ပို့ဆောင်ရေးဌာနစိတ်တွင် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ပွဲကို မတ် ၃၀ ရက်က ကျင်းပရာ စမ်းချောင်းမြို့နယ်မီးသတ်ဇုန်နယ်မြေမှူး ရဲကျော်သူကျင်သိန်း၊ ကြည့်မြင်တိုင်မြို့နယ် မီးသတ်ဦးစီးမှူး ရဲသူရိန်နိုင်ဦးနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

အကျိုးသက်ရောက်မှုများ

ဆေးလိပ်နှင့် ဆေးရွက်ကြီးသည် စွဲစေတတ်၍ ကနဦးအစမှ ရှောင်သင့်ပါသည်။ သို့သော် ဆေးလိပ်စွဲပြီးမှ ဖြတ်လျှင်လည်း မိမိအတွက်သာမက ဘေးထွက်ဆေးလိပ်ငွေ့ကို ရှူနေရသည့် မိသားစုနှင့် လုပ်ဖော်ကိုင်ဖက်များအတွက်ပါ များစွာ အကျိုးသက်ရောက်မှုများရှိသဖြင့် ဆေးလိပ်သောက်တတ်သည့် အလေ့အကျင့်ကို ဖြတ်နိုင်ရန် အကြံကောင်းများ၊ နည်းလမ်းကောင်းများပေးရန် အရေးကြီးပါသည်။ မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ဖြင့် စိတ်ကို နိုင်နိုင်နင်းနင်းထိန်းချုပ်ကာ ဆေးလိပ်ကို တိခနဲဖြတ်ခြင်းသည် စရိတ်နည်း၊ ထိရောက်သည့် အသင့်တော်ဆုံးသော နည်းလမ်းဖြစ်သည်။ ဤနည်းဖြင့် မအောင်မြင်ပါက နီကိုတင်းပမာဏ အနည်းငယ်သာပါသော ပီကေ၊ အရေပြားကပ်ဆေး၊ အာခေါင်အတွင်းသို့ ပက်ဖျန်းသောဆေးရည်စသဖြင့် ဆေးလိပ်အစားထိုး၍လည်းကောင်း၊ ဘရူပရိုပါရွန်ခေါ်ဆေး၏ အကူအညီဖြင့်လည်းကောင်း ဆေးလိပ်ဖြတ်နိုင်ပါသည်။ ဆေးလိပ်ဖြတ်သည့်သူများတွင် တစ်ကြိမ်တည်းနှင့် အောင်မြင်သူဦးရေ ခြောက်ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသာ ရှိမည်ဖြစ်သော်လည်း ဇွဲလုံ့လဖြင့် ထပ်ခါတလဲလဲကြိုးစားပါလျှင် တစ်နေ့အောင်မြင်မည် ဖြစ်ပါသည်။

ဆေးလိပ်ဖြတ်သည်နှင့် တစ်ပြိုင်နက်

- **ခန္ဓာကိုယ် ပြန်လည်မွမ်းမံခြင်းသည် ၂၄ နာရီအတွင်း စတော့သည်။**
- **ခန္ဓာကိုယ် အတွင်းရှိ နီကိုတင်းကို ခုနစ်ရက်မှ ၁၀ ရက်အတွင်း သုတ်သင်သန့်စင်နိုင်မည်။**
- **နှလုံးသွေးကြောပိတ်မည့် အန္တရာယ်သည် နှစ်နှစ်မှ သုံးနှစ်အတွင်း သိသိသာသာ လျော့ကျသွားမည်။**
- **အဆုတ်ကင်ဆာဖြစ်နှုန်း လျော့လာပြီး အနှစ် ၂၀ ကြာလျှင် ဆေးလိပ်လုံးဝမသောက်ခဲ့သူနှင့် အလားတူဖြစ်မည်။**
- **အနံ့နှင့်ရသအာရုံများ ကောင်းမွန်လာမည်။**
- **ခံတွင်း၊ အဝတ်အထည်များနှင့် အိမ်တွင်းမှ အနံ့ဆိုးများ ပပျောက်သွားမည်။**
- **ချောင်းဆိုး သလိပ်ထရောဂါ ပျောက်မည်။**
- **မိသားစုနှင့် အလုပ်ခွင်ရှိ လုပ်ဖော်ကိုင်ဖက်များ ဘေးထွက်ဆေးလိပ်ငွေ့မရှူရတော့ပါ။ ဆေးလိပ်သက် ၃၅ နှစ် မကျော်သေးသူများ ဆေးလိပ်ဖြတ်က အကျိုးသက်ရောက်မှု အများဆုံးရမည်မှန်သော်လည်း ဆေးလိပ်ဖြတ်ဖို့ အချိန်အခါလင့်ပြီဟူ၍ မရှိပါ။ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နေသည့် လူနာများတွင်ပင် ဆေးလိပ်ဖြတ်နိုင်သူသည် ဆေးလိပ်ကို ဆက်သောက်နေသူထက် နှလုံးသွေးကြောပိတ်နှုန်း နည်းသည်။ အသက် (၅၀) အရွယ်ရှိပြီး နေ့စဉ်အလိပ် ၂၀ သောက်နေသူ အမျိုးသားတစ်ယောက် ဆေးလိပ်ဖြတ်မည်ဆိုပါက သူ ဆေးလိပ်တစ်လိပ်မသောက်တိုင်း အသက် ၁၂ မိနစ်ပိုနေရမည်ဖြစ်ပါသည်။**

ဆေးလိပ်ဖြတ်နည်း

ဆေးလိပ်သောက်သူများသည် ဆေးလိပ်ဖြတ်လိုသော ဆန္ဒနှင့် စိတ်စွမ်းအားမြင့်မားလျှင် ဆေးလိပ်ကို အလွယ်တကူဖြတ်နိုင်ပါသည်။ နှလုံးသွေးကြော လတ်တလော ပိတ်သွားသောအချိန်သည် ဆေးလိပ်ဖြတ်ရန် အထိရောက်ဆုံး တိုက်တွန်းနိုင်သောအချိန်ဖြစ်သည်။ Brupopion SR (Smoquit)ဟုခေါ်သော ဆေး၏အကူအညီဖြင့်လည်း ဆေးလိပ်ပြတ်အောင် ဆောင်ရွက်နိုင်ပါသည်။ မည်သည့်နည်းကို အသုံးပြုသည်ဖြစ်စေ၊ မိမိ၏ ဆေးလိပ်ဖြတ်လိုသော ပင်ကိုဆန္ဒနှင့် ကြိုးစားအားထုတ်မှုသာလျှင် ဆေးလိပ်ပြတ်ရန် အရင်းခံဖြစ်ပါသည်။ မိသားစုဝင်ထဲမှ ဆေးလိပ်သောက်သူများကို မိမိနှင့်တစ်ပါတည်း ဆေးလိပ်ပြတ်အောင် တိုက်တွန်းဆွဲဆောင်နိုင်မှ ဆေးလိပ်ကို ရာသက်ပန်ဖြတ်နိုင်မည်ဖြစ်ပါသည်။

အထက်တွင် တင်ပြခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့၏ ကြောက်မက်ဖွယ်ရာရောဂါများကို ကာကွယ်တားဆီးနိုင်ရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးကို လုံးဝရှောင်ကြဉ်ဖို့ အထူးသတိပေးနှိုးဆော်လိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ ခါသင်္ကြန် အဆို၊ အကများ
၅:၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၀ ၁၄။ ခါသင်္ကြန် အဆို၊ အကများ
၆:၃၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၆။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၃)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ English Usage
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက် (အပိုင်း-၁၄)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ကျေးလက်ပြည်သူများအား ပညာရည်အဆင့်အတန်းမြင့်မားလာရေးအတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးသည် အဓိကကျ

နေပြည်တော် ဧပြီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအထိမ်းအမှတ် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယို၊ ကက်ဆက်များ၊ စာအုပ်စာစောင်များ၊ အဆောက်အအုံများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂ ရက်၊ နံနက် ၁၀ နာရီတွင် တောင်ကြီးခရိုင်၊ အေးသာယာမြို့နည်းပညာတက္ကသိုလ်ခန်းမဦးကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များတက်ရောက်ကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှု အထိမ်းအမှတ် ငွေပဒေသာပင် ရုပ်မြင်သံကြား ဖမ်းစက်များ၊ ရေဒီယိုကက်ဆက်များ၊ စာအုပ်၊ စာစောင်များ၊ အဆောက်အအုံများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် လိုအပ်မည့် အခြေခံအချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက ပထမဆုံး အခြေခံလိုအပ်ချက်မှာ နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးဖြစ်ထွန်းရန်လိုအပ်ကြောင်း၊ ဒုတိယ အခြေခံလိုအပ်ချက်မှာ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးဖြစ်ကြောင်း၊ တတိယအခြေခံလိုအပ်ချက်မှာ နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ကျေးလက်ပြည်သူများအား ပညာရည်အဆင့်အတန်း မြင့်မားလာရေးအတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးသည်အဓိကကျသောအခန်းကဏ္ဍ ပါဝင်နေကြောင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏လမ်းညွှန်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက ကြိုးပမ်းလှူဒါန်း ဆောင်ရွက်ချက်များကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်တွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၂၆၇၂ ခု၊ လွိုင်လင်ခရိုင်တွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း၂၈၀၊ လင်းခေးခရိုင်တွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၁၃၅ ခု၊ စုစုပေါင်း ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် စာကြည့်တိုက်ပေါင်း ၃၀၈၇ ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ကိုလည်းပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်ထားသောလုပ်ငန်းစဉ် (၅)ရပ်ကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စေတနာသဒ္ဓါတရား ထက်သန်စွာ ဝိုင်းဝန်းပံ့ပိုး လှူဒါန်းခဲ့ကြသော စေတနာရှင်၊ အလှူရှင်များ အားလုံးအား ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောကြားရာတွင် ယနေ့ကျင်းပသည့်အခမ်းအနားသည် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာ၊ ဗဟုသုတကြွယ်ဝရေးအတွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းအောင်ပွဲအခမ်းအနားဖြစ်ပြီး နိုင်ငံတော်အတွက်လည်းကောင်း ကျေးလက်ပြည်သူများအတွက် လည်းကောင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောအခမ်းအနားဖြစ်ကြောင်း၊ ထိုကဲ့သို့ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်အတွင်းမှ စေတနာရှင် အလှူရှင်များအားလည်း ကျေးလက်ပြည်သူများကိုယ်စား၊ ဝန်ကြီးဌာနကိုယ်စားအထူးကျေးဇူးတင်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲသင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှုကြောင့် ယနေ့လူငယ်လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို အလွယ်တကူလက်လှမ်းတမီ သင်ယူနိုင်သည့်အခွင့်အလမ်းများ ပွင့်လင်းနေသော်လည်း မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက် အသိပညာမြင့်မားစေရန် ဗဟုသုတတိုးပွားရန် ဖွင့်လှစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်တော့မည်ဖြစ်ကြောင်း၊ ဒါကြောင့် မိမိတို့နိုင်ငံအနေဖြင့် ယခုလိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ယူနိုင်သလို၊ မိမိတို့ပြည်သူတွေ အသိပညာဗဟုသုတ မြင့်မားလာမှုအတွက်ကိုလည်း အနှစ်သာရရှိရှိ ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် တန်ဖိုးမဖြတ်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးထံပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာဖတ်သည့်အလေ့အထနှင့် စာအုပ်စာပေလက်လှမ်းမီမှု နည်းပါးနေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အသိပညာ ဗဟုသုတ ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရန် စီမံချက်များချမှတ် ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ဆိုလျှင် ရှမ်းပြည်နယ်တစ်ခုလုံး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့သလို နိုင်ငံတော်အနေဖြင့် ကြည့်မည်ဆိုလျှင် နိုင်ငံတော်အတွင်း ကျေးရွာပေါင်းခြောက်သောင်းကျော် ရှိသည့်အနက် ယနေ့အခါ ကျေးရွာအားလုံးနီးပါးမှာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ပထမဆုံးသော ကျေးရွာတိုင်း၌ စာကြည့်တိုက်များ ထူထောင်နိုင်သည့် အောင်မြင်မှုဟု တင်ပြလိုကြောင်း။

ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းမှာ နိုင်ငံတော်၏အား၊ ဒေသခံ ပြည်သူများ၏အားနှင့် စေတနာရှင်တို့၏ အားသုံးအားဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ၎င်းအား သုံးအားဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုများ မလွဲမသွေရရှိမည်ဖြစ်ကြောင်း တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲက ကျေးရွာစာကြည့်တိုက်များ တစ်ဖက်က ထူထောင်သလို ထူထောင်ပြီးကျေးရွာစာကြည့်တိုက်များကိုရေရှည်တည်တံ့ခိုင်မြဲအောင် စီမံချက်ချဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းစဉ် (၅)ရပ်ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီးစာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံမရှိသေးသည့်ကျေးရွာများ၌အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်စေရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးများ ရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း၊ အချုပ်အားဖြင့် မိမိတို့၏ ကျေးရွာဘုန်းတော်ကြီးကျောင်းများကို မိမိတို့ကျေးရွာပြည်သူများက ကျောင်းဆောက်လုပ်လှူဒါန်းပြီး နေ့စဉ် ဆွမ်းကွမ်းလှူဒါန်းနေသကဲ့သို့ စာကြည့်တိုက်များကိုလည်း ကျေးရွာ၏ ဒုတိယဘုန်းတော်ကြီးကျောင်းကဲ့သို့မှတ်ယူကာထိန်းသိမ်းစောင့်ရှောက်သွားရန်ဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ ကျေးရွာအလိုက် စာကြည့်တိုက်ကော်မတီဝင်များနှင့် ဒေသခံပြည်သူများ၏ အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်လူမှုရေး အသင်းအဖွဲ့များ၏အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏အား ဟူသောအားလေးအားဖြင့်ဆက်လက်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအထိမ်းအမှတ် လှူဒါန်းပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးထံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက စာအုပ်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းငွေကျပ်တစ်သိန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက လည်းကောင်း၊ ဌာနဆိုင်ရာများမှ လှူဒါန်းသော အလှူငွေကျပ် ၂၅၀၀၀၀ ကိုတောင်ကြီးတက္ကသိုလ်မှ ဦးရေချမ်းကလည်းကောင်း၊ ရှမ်းပြည်နယ်ဌာနဆိုင်ရာများမှ လှူဒါန်းသော စာအုပ်များကို ပြည်နယ်လျှပ်စစ်မှ ဦးသန်းမြင့်ကလည်းကောင်း၊ ရတနာထွန်းကုမ္ပဏီမှ ဦးဌေးကြွယ်က ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ၃၀၀၀၀၀၀ ကို တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက လည်းကောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကိုလည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွှန့်ဝင်းနှင့် တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့မှ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီကို လည်းကောင်း၊ တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စာကြည့်တိုက် ကိုးတိုက်ကိုလည်းကောင်း၊ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် ၄၂၅၀၀၀ ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းထံ တောင်ကြီးမြို့နယ် ဟိုပုန်းမြို့နယ်နှင့် ပင်လောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီကို လှူဒါန်းကြသည်။

ဆက်လက်၍ ခရိုင်အဆင့်ဌာနဆိုင်ရာများက လှူဒါန်းသော ရေဒီယို၊ ကက်ဆက်များကို လည်းကောင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက လှူဒါန်းသော စာအုပ်စာစောင်များကို လည်းကောင်း၊ တောင်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ လှူဒါန်းသော စာအုပ် စာစောင်များကို လည်းကောင်း၊ ဗီဒီယိုအခြေခံမှ လှူဒါန်းငွေကျပ် ၄၀၀၀၀ ကို လည်းကောင်း၊ ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅၀၀၀၀၊ ပင်းတယမြို့နယ်နှင့် ညောင်ရွှေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၃၀၀၀၀ စီကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ရှမ်းပြည်နယ် ကျေးရွာစာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ကြီးတို့က လက်ခံကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

☆ ကာကွယ်ရေးမှ

မြေသားလမ်းကို ကျောက်လမ်းအဖြစ် ခင်းမှုအခြေအနေနှင့် ကတ္တရာလမ်းအဖြစ် တိုးတက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျောက်ခင်းမှုလုပ်ငန်း ပြီးစီးပါက ပွင့်လင်းရာသီအတွင်း ကတ္တရာလမ်းအဖြစ် ပြီးစီးအောင်ကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်(၈၂/၅)သို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးစောဟန်က လမ်းတာပေါင်ချဲ့ရန် စက်ယန္တရားကြီးများဖြင့် လမ်းတာပေါင်ချဲ့ထွင်ဖောက်လုပ်နေမှုလုပ်ငန်းများကို ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန်လမ်းကို စံချိန်စံညွှန်းနှင့်အမီပြီးစီးရေး အထူးဂရုပြုဆောင်ရွက်ကြရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်(၈၀/၃) ကြက်မနစ်စခန်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အင်ဂျင်နီယာမှူး ဦးစောဟန်က ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း၏ ယခင်မူလလမ်းအခြေအနေ၊ ယခု တိုးတက်ပြုပြင်နေမှုအခြေအနေ၊ မူလလမ်းဟောင်းကျောက်လမ်း ကတ္တရာခင်းခြင်း၊ လမ်းသစ်ခြောက်လက်မထု ဒု–အခြေခံ၊ ပထမအလွှာကျောက်လမ်းခင်းခြင်းနှင့် မူလလမ်းဟောင်းတွင် ခပေါင်းဆည်ရှောင်လမ်း ထည့်သွင်းဖောက်လုပ်ခြင်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တိုင်းမှူးဗိုလ်ချုပ်ကိုကိုတို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိစေရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး၊ ပွင့်လင်းရာသီအတွင်းလုပ်ငန်းများပြီးစီးရေးနှင့် ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်စေရန် တိုးတက်ပြုပြင် ကြိုးပမ်းလုပ်ဆောင်သွားကြရေး မှာကြားပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မိုင်တိုင် (၇၀/၅)သို့ ရောက်ရှိကြရာ စက်ယန္တရားကြီးများဖြင့် လမ်းအကျယ်ပေ ၃၀ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင် (၃၉/၇)သို့ ရောက်ရှိကြပြီး ကတ္တရာခင်းကျင်းနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပြည်–ပေါက်ခေါင်း–တောင်ငူလမ်းသည် ပဲခူးတိုင်း ပြည်ခရိုင်နှင့် တောင်ငူခရိုင်အတွင်း တည်ရှိပြီး ရန်ကုန်–ပြည်–မကွေးကားလမ်းမိုင်တိုင်(၁၈၂/၃)၊ တာဂွကျေးရွာရှိ မိုင်တိုင် (၀/၀)မှ စတင်၍ ပဲခူးရိုးမကိုဖြတ်လျက် ရန်ကုန်–မန္တလေးကားလမ်း မိုင်တိုင် (၁၆၆)အုတ်တွင်းမြို့၌ လမ်းဆုံးဖြစ်သည်။

ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း မူလလမ်းဟောင်းအရှည်မှာ ၁၀၉မိုင် ၃ဖာလုံဖြစ်ပြီး ခပေါင်းဆည်ရှောင်လမ်းမှာ ၃၈မိုင် ၇ဖာလုံရှိသဖြင့် ယခုလမ်းတိုးတက်ပြုပြင်မှုတွင် လမ်းအရှည် ၁၅မိုင်ခန့် ပိုမိုလာကာ လက်ရှိ ပြည်–ပေါက်ခေါင်း–တောင်ငူလမ်းအရှည်မှာ ၁၂၄မိုင် ၂ဖာလုံဖြစ်သည်။ မူလလမ်းဟောင်း ကတ္တရာခင်းခြင်း၊ ပြုပြင်ခြင်း၊ မြေသားလမ်းသစ်ချဲ့ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း ၅၃မိုင် ၁ဖာလုံ၊ ကျောက်လမ်း ၆၆မိုင် ၆ဖာလုံ၊ မြေလမ်း ၄မိုင် ၃ဖာလုံဖြစ်ပြီး လမ်းတစ်ခုလုံးကို မိုးမကျမီ ပွင့်လင်းရာသီအတွင်း ကတ္တရာမိုင် ၆၀ခင်းခြင်းနှင့် ကျောက်ခင်းခြင်း ၆၄မိုင်ကျော်ကို အချိန်မီပြီးစီးနိုင်ရေးတာဝန်ရှိသူများက ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြပြီး လမ်းဘေးဝဲ/ယာရှိ ပေါက်ခေါင်းနှင့်ပြည်မြို့နယ်များမှ နွေစပါးစိုက်ခင်းများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကာ ပြည်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အဓမ္မခိုင်းစေမှုများ မဖြစ်ပေါ်ရေး ကြိုးကြပ်ဆောင်ရွက် အဆိုပါပြစ်မှုများကျူးလွန်ပါက ပြင်းပြင်းထန်ထန်အရေးယူမည်

နေပြည်တော် ဧပြီ ၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဌာနဆိုင်ရာအကြီးအကဲများအား လုပ်ငန်းဆိုင်ရာများ တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသနအစည်းအဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တိုင်း၊ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိုင်ငံတော်က ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေး အလွဲသုံးစားမှုနှင့် ပစ္စည်းအလွဲသုံးစားမှု ကင်းရှင်းရေး၊ စိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းနှင့် သစ်တောများ ထိန်းသိမ်းရာတွင် အလုပ်သမားများ ငှားရမ်းခိုင်းစေပါက စနစ်တကျ ငွေပေးချေရေး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ILOက အဓမ္မခိုင်းစေမှုနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနကို နှစ်ကြိမ်တိုင် တိုင်ကြားခံရပြီးဖြစ်သဖြင့် အဓမ္မခိုင်းစေမှုများ မဖြစ်ပေါ်ရေး ကြိုးကြပ်ဆောင်ရွက်သွားရေး၊ အဆိုပါပြစ်မှုများ ကျူးလွန်ပါက ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် စံနမူနာပြ အရေးယူသွားမည်ဖြစ်ကြောင်းပြောကြားသည်။(သတင်းစဉ်)

ပလောက်ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၃

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ တနင်္သာရီတိုင်း ပလောက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် မတ် ၂၆ရက်တွင်လုပ်ငန်းများပြီးစီးပြီဖြစ်၍ အဆိုပါစက်ရုံမှ လွှင့်အား ဝပ် ၅၀၊ လိုင်းနံပါတ်(၈)ဖြင့် ၂၀၀၇ ခုနှစ် မတ် ၂၇ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်၊အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄–၄–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုမြန်မာ့တေး
၇:၅၅ ၆။ အဆိုပြိုင်ပွဲ
၈:၀၅ ၇။ ကံတင်ဘီးလင်းရောင်တေး
၈:၁၅ ၈။ ခါသကြိန်အဆိုအကများ
၈:၂၀ ၉။ International News.
၈:၃၀ ၁၀။ Happy and Educational English Summer Course MRTV.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒ၊ရုက္ခဗေဒ၊ဘူမိဗေဒ(မြို့ပြ) (ဓာတုဗေဒ)
၄:၅၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံ
၅:၀၀ ၅။ မြန်မာစာ၊ မြန်မာစကား
၅:၁၅ ၆။ သီချင်းကြိုးဝိုင်းဒေသ
၅:၂၅ ၇။ ရှုဖွယ်ရှုရင် အာဆီယံအစီအစဉ်
၅:၃၅ ၈။ ရသစုံလင်ဆောင်လွှင်ပွဲ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၀ ၁၀။ မိုးလေဝသအခြေအနေ
၇:၃၅ ၁၁။ သုတစုံလင်ရွှေဘုတ်ရှင်
၇:၀၀ ၁၂။ Discovery
၇:၁၀ ၁၃။ "အသက်ကလေးရယ်တဲ့ ရှည်စေလို" (ဦးအောင်လွင်၊ဦးကြည်စိုး၊ မေထွဋ်ခေါင်) (ဒါရိုက်တာ–ကြည်စိုး)
၇:၂၅ ၁၄။ ခါသကြိန်အဆိုအကများ
၇:၄၀ ၁၅။ ကြေးမုံရိပ်သွင် တေးနယဉ်
၇:၅၀ ၁၆။ ဘာသာစကား သင်ကြားလေ့လာ တက္ကသိုလ်မှာ (အပိုင်း–၂)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းများ
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာရုပ်ရှင် "နှလုံးသားမြို့တော်" (နေအောင်၊ခင်သီတာထွန်း၊ မိုးမိုးမြင့်အောင်) (ဒါရိုက်တာ–မောင်တင်ဦး)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

☆ ကရင်ပြည်နယ်မှ

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကြက်ခြေနီတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များအား လည်းကောင်း၊ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးကြီးနေလင်းက အရန်မီးသတ်တပ်ဖွဲ့နှင့်ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များအားလည်းကောင်း၊ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ဌာနဆိုင်ရာများအားလည်းကောင်း ခြစ်သည်းရိုးကြက်ဆူအစေ့နှင့် ပျိုးကိုင်းများကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခြစ်သည်းရိုးကြက်ဆူအကိုင်းနှင့်အစေ့ပျိုးများကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခြစ်သည်းရိုးကြက်ဆူအကိုင်းနှင့် အစေ့ပျိုးများကို ပျိုးထောင်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခြစ်သည်းရိုးကြက်ဆူပျိုးထောင်ပွဲတွင် ပါဝင်ပျိုးထောင်ကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)သို့ရောက်ရှိကြရာ ရှေးဦးစွာ ဆောက်လုပ်ဆဲဆေးရုံ အဆောက်အအုံပင်မဆောင်၌ တည်ဆောက်ရေးတာဝန်ခံဟုန်တောက်ဆောက်လုပ်ရေးအဖွဲ့မှ ဒါရိုက်တာ ဦးအောင်မိုးကျော်က ကော့ကရိတ်ခရိုင် ပြည်သူ့ ဆေးရုံ (ခုတင် ၁၀၀) အဆောက်အအုံသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးအောင်နှင့်ဆေးရုံအုပ် ဒေါက်တာအေးမောင်တို့က ဆေးရုံအဆောက်အအုံသစ်ကို လုပ်ငန်းလိုအပ်မှုအလိုက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆေးရုံအဆောက်အအုံသစ်ကို လုပ်ငန်းလိုအပ်မည့် အခန်းဖွဲ့စည်းမှုနှင့် လိုအပ်ချက်များပြည့်စုံအောင် ဆောင်ရွက်သွားရေး၊ အချိန်မီပြီးစီးရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး ကျန်းမာရေးဝန်ထမ်းများအား အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားအောင် ဆေးရုံအဆောက်အအုံ၊ ကျန်းမာရေးဝန်ထမ်းနှင့်ဆေးဝါးပစ္စည်း၊ ကုသရေးပစ္စည်းများကိုဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ကျန်းမာရေး ဝန်ထမ်းများသည် ပြည်သူများအား နာ(၅)နာဖြင့် ပြုစုစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူများက ယုံကြည်စိတ်ချစွာဖြင့် အားကိုးအားထားပြုနိုင်အောင် ပြုစုစောင့်ရှောက် ကုသသွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည်တည်ဆောက်ဆဲ ဆေးရုံအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ မြို့နယ်ခန်းမသို့ သွားရောက်၍ ကော့ကရိတ်ခရိုင်နှင့်မြဝတီခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ရပ်မိရပ်ဖများ၊ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ဝင်းက ကော့ကရိတ်ခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေးဆောင်ရွက်နိုင်မှု အခြေအနေများ၊ခြစ်သည်းရိုး ကြက်ဆူ စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ရွှေညွှန့်က မြဝတီခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေး ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ရော်ဘာ၊ ခြစ်သည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် ယခုအခါ ကရင်ပြည်နယ်သည် အေးချမ်းသာယာလာပြီး တရားဥပဒေစိုးမိုးမှုလည်းရှိလာကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလုပ်ဆောင်နိုင်ပြီဖြစ်၍ မကြာမီဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုဒေသခံတိုင်းရင်းသားပြည်သူများကပါ ဝိုင်းဝန်းစည်းရုံးဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြ၍ အေးအတူပူအမျှ ထာဝစဉ်လက်တွဲသွားကြပြီး နိုင်ငံတော်ကြီးကိုခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်သွားကြမည်ဖြစ်ရာ နိုင်ငံတော်တစ်ဝန်းလုံးရှိဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေးမှသည်နိုင်ငံတော်ကြီးအားခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်း ပြောကြားလိုကြောင်းဖြင့် မှာကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်တပ်နယ်ခန်းမ၌ ကော့ကရိတ်တပ်နယ်နှင့်ကျုံဒိုးတပ်နယ်တို့မှ တပ်မတော်အရာရှိအရာခံအကြပ်စစ်သည်နှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့မှ ကော့ကရိတ်–အိန္ဒူ–ဘားအံ ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဘားအံမြို့နယ် ဂျိုင်းကျေးရွာရှိ ဂျိုင်းမြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိကြသည်။

ထို့နောက်ဂျိုင်းမြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်က ဂျိုင်းမြစ်မှရေကို ဇင်ဇင်းအင်ဂျင်ငါးလုံးဖြင့် လယ်ဧက ၈၀၀ ကို စိုက်ပျိုးရေ ပေးဝေနေမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကရင်ပြည်နယ်မန်နေဂျာဦးအေးသိန်းက ကရင်ပြည်နယ်အနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ၅၀၀၀၀ စိုက်ပျိုးရန် လျာထားချက်အပေါ် ၅၁၆၄၇၆ဧကအထိ တိုးတက်စိုက်ပျိုးနိုင်မှု အခြေအနေနှင့် အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးနိုင်မှု အခြေအနေ၊ ဒေသဆန်ဖူလုံမှု၊ ဆီဖူလုံမှုအခြေအနေများကို အသီးသီးရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စပါးစိုက်ဧကကို ပြည်နယ်၏ တိုးတက်လျာထားဧကပြည့်မီအောင်ဆောင်ရွက်ရေး၊ ဆီထွက်သီးနှံမြေပဲအပြင် နှမ်းနှင့် ဆီထွက်နေကြာတို့ကိုလည်း တိုးချဲ့စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဂျိုင်းမြစ်မှရေကို ပင်မမြောင်းသို့စုပ်တင်နေမှု အခြေအနေနှင့် မြစ်ရေတင်ဖြင့် မနောသုခစပါးမျိုး ရှစ်ဧက စိုက်ပျိုးထားသော တောင်သူဦးကြွယ်၏ စပါးစိုက်ခင်း၌ စပါးများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေကို ကြည့်ရှု စစ်ဆေးပြီး ကရင်ပြည်နယ်တစ်ခုလုံးစပါးစိုက်ဧက မူလလျာထားဧကငါးသိန်းထက် ကျော်လွန်အောင် စိုက်ပျိုးသွားရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ဂျိုင်းမြစ်ရေတင်လုပ်ငန်းဖြင့် စပါးများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ဘားအံမြို့ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)သို့ ရောက်ရှိကြပြီး အထူးကုသဆောင်၊ လူနာဆောင်များ၊ ခွဲစိတ်ကုသဆောင်၊အဆုတ်နာရောဂါကုသဆောင်နှင့် တပ်မတော် မိသားစုဝင်များ၏ မွေးလူနာကုသဆောင်နှင့် အထွေထွေရောဂါကုသဆောင်တို့ကို လှည့်လည် ကြည့်ရှု စစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ပုဂံအနော်ရထာမင်းတရားကြီး၏ ရွှေနန်းတော်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဗိသုကာအင်ဂျင်နီယာ ဦးသော်က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများနှင့် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွက်ဆောင်ရွက်မည့်လုပ်ငန်းများဖြစ်သော ဘိသိက်ဆောင်၏ နန်းကြမ်းပြင်မှ အမိုးမိုးသည် အထိလုပ်ငန်းများ၊ တောင်စောင်းတန်း၊ မြောက်စောင်းတန်း၊ လက်ဝဲပွဲတက်ဆောင်၊ လက်ယာပွဲတက်ဆောင်တို့၏ နေရာတွင် လုပ်ကိုင်မည့် မြေပြုပြင်ခြင်း လုပ်ငန်းများ၊ နန်းကြမ်းပြင်ခင်းခြင်း လုပ်ငန်းများ၊ ကားလမ်း၊လူသွားလမ်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် ခြံစည်းရိုးလုပ်ငန်းများ၊ ရေနှင့်မီးဆက်သွယ်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက တောင်စောင်းတန်း၊ မြောက်စောင်းတန်း၊ လက်ဝဲပွဲတက်နှင့် လက်ယာပွဲတက် အဆောင်များကို တည်ဆောက်ခြင်း မပြုတော့သည့်အတွက် လစ်ဟာမနေစေရေးနှင့် ပတ်ဝန်းကျင်ရှိ တည်ဆောက်ပြီး အဆောက်အအုံများနှင့် လိုက်လျောမှုရှိစေရေးအတွက် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် နန်းတော်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုပြီး အုန်းမွှား၊ ခရာအဝါ၊ စက္ကူပန်းအဖြူများ စိုက်ရန် စက္ကူပန်း၏ ပန်းရောင်နှင့် ကြက်သွေးရောင်များဖြစ်၍ အဖြူသာလျှင် စိုက်ပျိုးရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် မြန်မာမှုပညာရှင် ဦးဝင်းမောင်က မြန်မာမှုနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြရာ ဝန်ကြီးက မြန်မာမှုမှန်ကန်နေရန် လိုအပ်ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် နန်းတော်တည်ဆောက်ရေး လုပ်ငန်းခွင် ပဉ္စပါသာဒဆောင်၊ သီဟာသနဆောင်၊ သီဟာသနပလ္လင်ထားရှိမည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ပုဂံမြို့ အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(ယဉ်ကျေးမှု)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)မှ ဗိုလ်လောင်းများအား နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(မိခင်/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများ လာရောက်လေ့လာ

ရန်ကုန် ဧပြီ ၃

တပ်မတော်ဆေးတက္ကသိုလ် ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ ဒုတိယဗိုလ်မှူးကြီးခင်မောင်အေး ဦးဆောင်၍ နောက်ဆုံးနှစ်အပိုင်း(က)မှ ဗိုလ်လောင်း ၁၀၀ တို့သည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမသို့ ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် ရောက်ရှိလေ့လာကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်များက အသင်းဖွဲ့စည်းပုံ အဆင့်ဆင့်၊ကျန်းမာရေး၊ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုများနှင့် ထောင်စုနှစ်ရည်မှန်းချက်များနှင့် အသင်း၏လုပ်ငန်းစဉ်များ ဆက်စပ်ပုံတို့ကို ရှင်းလင်းပြောကြားကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဗိုလ်လောင်းများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဗဟိုအလုပ်အမှုဆောင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းများသည် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဘက်စုံအဆောက်အအုံ အတွင်းရှိ ရောဂါရှာဖွေရေး ဆေးခန်းနှင့် PMCT Center တို့သို့ လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်) သင်္ကြန် ၁၀ရက် တရားစခန်း ကျင်းပမည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ၌ မဟာစည်နာယက ဘဒ္ဒန္တဝါယာမာဝုဓ (သာသနဓဇ ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ) ဆရာတော် ကိုယ်တိုင် မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဧပြီ ၁၂ ရက်မှ ၂၃ရက်အထိ ၁၀ ရက်တိုင်တိုင် ဟောပြောပြသမည် ဖြစ်ပါ၍ ဧပြီ ၁၁ ရက် (ကြာသပတေးနေ့) ညနေ ၅ နာရီ အရောက် သတင်းပို့ကြရန်နှင့် တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းလှူဒါန်းလိုသော အလှူရှင်များသည် ရိပ်သာဖုန်း-၆၄၁၃၂၄ သို့ စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပ အမက(၃၉) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာထူးချွန်ဆုရရှိသူ မောင်အောင်မျိုးခန့်အား ကျောင်းအုပ်ဆရာကြီး ဦးငွေဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ လသာမြို့နယ်အမှတ်(၄)ရပ်ကွက်ရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို မတ် ၁ ရက်တွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူတင်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစံတင်တို့ ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

အထူးအယူခံခုံရုံး ရုံးထိုင် အထူးအယူခံမှု စီရင်ချက်ချမှတ်

နေပြည်တော် ဧပြီ ၃

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်တရားသူကြီးများ ဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးဟန်ရှိန်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ဧပြီ ၂ရက် နံနက်၁၀နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ကြားနာ

ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု လေးမှုကို ကြားနာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ပူတာအိုခရိုင် တဟွန်ဒန်းနှင့် ဂူဘားဒေသများသို့ ခရီးရှည်လမ်းလျှောက်ခြင်း ခရီးစဉ်အောင်မြင်မှုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလှုပ်ရှားမှုအနေဖြင့် ဆောင်ရွက်ခဲ့သော ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်းဒင်မြို့နယ် တဟွန်ဒန်းနှင့် ဂူဘားဒေသများသို့ စည်းရုံးရေးနှင့် ခရီးရှည်လမ်းလျှောက်ခြင်းခရီးစဉ်(မိုးယံမှကြယ်ခရီးစဉ်) အောင်မြင်ပြီးဆုံးခြင်းအထိမ်းအမှတ်နှင့် ခရီးစဉ်တွင် ပါဝင်ခဲ့သူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်းအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ လူငယ်ရေးရာတာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းမှ တာဝန်ရှိသူများ၊ ခရီးစဉ်တွင်ပါဝင်ခဲ့သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားရာတွင် မိမိတို့ ပြည်နယ်အတွင်းရှိ ဒေသများသို့ ယခုကဲ့သို့ ပြည်နယ်/တိုင်း အသီးသီးမှ တိုင်းရင်းသားလူငယ်များ လာရောက်ပြီး ဒေသန္တရဗဟုသုတ လေ့လာရှာမှီးရင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသဖြင့် ဒေသလူထုကိုယ်စား ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် ခက်ခဲကြမ်းတမ်းသည့် ခရီးရှည်ကြီးကို ပင်ပန်းဆင်းရဲမှုကို မညည်းညူဘဲ ဖွဲ့လုံ့လ ဝီရိယအပြည့်ဖြင့် လူငယ်တို့၏ အားမာန်ကို ပြသနိုင်ခဲ့သည့်အတွက် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုပါကြောင်း ဖြင့် ပြောကြားသွားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးနှင့် ကချင်ပြည်နယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားရာတွင် မိမိတို့ ယခုခရီးစဉ်အား ပြီးဆုံးအောင်မြင်သည်အထိ အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော တိုင်းမှူးနှင့်တကွ ဒေသဆိုင်ရာ တာဝန်ရှိသူအားလုံးကို အသင်းကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ အသင်းဝင်လူငယ်များအား ဒေသန္တရဗဟုသုတ ရရှိစေရေး၊ ဒေသခံ တိုင်းရင်းသားလူငယ်များအကြား ဒို့တာဝန်အရေးသုံးပါး ခံယူလိုစိတ်နှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ထွန်းကားရှင်သန်ခိုင်မာလာစေရေး၊ လူငယ်အသင်းဝင်များ ကျန်းမာကြံ့ခိုင်မှု၊ ရင်းနှီးချစ်ခင်မှု၊ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာစေရေး၊ဒေသန္တရဗဟုသုတ တိုးပွားစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ယခုခရီးစဉ်အား စီစဉ်ခြင်းဖြစ်ကြောင်း၊ ခရီးစဉ်မစတင်မီ ကြိုတင်ပြင်ဆင်မှုများ စနစ်တကျ ဆောင်ရွက်စေကြောင်း။

မြန်မာနိုင်ငံ မြောက်ဘက်အစွန်ဆုံး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများထံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းလူငယ်များမှ ဖွဲ့လုံ့လအပြည့် အဝနှင့် ရောက်အောင် သွားရောက်ခဲ့ပြီး နယ်မြေဒေသ ဖွံ့ဖြိုးရေးများကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းသည် လူငယ့်အားမာန်များကို ပြသရုံမျှမက အသင်းကြီး၏ဂုဏ်ရှိန်ကိုလည်း တက်စေခဲ့သဖြင့် ချီးကျူးဂုဏ်ယူပါကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက ခရီးစဉ်တွင် ပါဝင်ခဲ့သူ တစ်ဦးချင်းစီအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုလွှာများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် အဆိုပါခရီးစဉ်အား ကိုယ်တိုင်လိုက်ပါဦးဆောင်ခဲ့သူ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံနှင့် မြန်မာနိုင်ငံ ခြေလျင်တောင်တက်အသင်း အတွင်းရေးမှူး ဒေါက်တာခင်မောင်တို့က ခရီးစဉ်အတွင်း နေ့စဉ်ဆောင်ရွက်ချက် အခြေအနေများကို မှတ်တမ်းတင်ဗီဒီယိုဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ခါနွေဦးကာလ လူငယ်ရေးရာ စဉ်တိုက်လှုပ်ရှားမှုအနေဖြင့် ဆောင်ရွက်သော ယခုခရီးစဉ်တွင် ပြည်နယ်၊တိုင်းအသီးသီးမှ အသင်းဝင်လူငယ် ၅၀၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းမှ အသင်းဝင် ၁၆ဦး၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူးအပါအဝင် ကြီးကြပ်သူ ခုနစ်ဦး စုစုပေါင်း ၇၄ ဦးဖြင့် မတ်လ ၅ရက်မှ ၂၉ ရက်အထိ ခရီးမိုင် ၂၈၀ ရှည်လျားသော ကချင်ပြည်နယ် ပူတာအို ခရိုင်အတွင်း ပန်နန်းဒင်မြို့နယ်ရှိ တဟွန်ဒန်းနှင့် ဂူဘားဒေသများသို့ ခရီးရှည် လမ်းလျှောက်ခဲ့ကြခြင်းဖြစ်သည်။

ခရီးစဉ်လိုက်ပါလာသူများအား ခရီးစဉ်တစ်လျှောက်တွင် ကျေးရွာများမှ ဝမ်းပန်းတသာ ကြိုဆိုကြသည့်အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်အဆိုပြုလွှာ ၁၅၅၀ စောင် ပေးအပ်ခဲ့ကြသည်။ ခရီးစဉ်အတွင်း ကျေးလက် မီးလင်းရေးအတွက် ဘာဘော့ကျေးရွာ၊ ထန်ဂါးကျေးရွာ၊ အလန်ဂါးကျေးရွာ၊ တဆူထုကျေးရွာ၊ ဒနုံဒမ်းကျေးရွာ၊ ငဝါကျေးရွာနှင့် တဟွန်ဒန်းကျေးရွာများတွင် ရေအားလျှပ်စစ်စက်များ လှူဒါန်းတပ်ဆင်ပေးနိုင်ခဲ့သည့်အပြင် ခရီးစဉ်အတွင်း အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသော မြန်မာနိုင်ငံ သူနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်မေအုန်း ဦးဆောင်သော ဆေးအဖွဲ့ဝင် ကိုးဦးတို့ကလည်း လမ်းခရီးတစ်လျှောက် ကျေးရွာတိုင်း၌ နှုတ်ခမ်းကွဲလူနာ သုံးဦး၊ အထွေထွေရောဂါ ၉၇၂ဦး၊ သွားရောဂါ ၂၃၇ဦး စုစုပေါင်း ဒေသခံ ၁၂၁၂ဦးကို လိုအပ်သော ခွဲစိတ်ကုသမှုများ အပါအဝင် ဆေးဝါးကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်းမာရေး အသိပညာဟောပြောမှု အစီအစဉ်များပါ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပန်နန်းဒင်မြို့နယ်ရှိ အနန္တလောကသီရိစေတီတော်မြတ်ကြီး ထီးတော်တင်လှူရေးအတွက် အစီအမံများ ဆောင်ရွက်ပေးခဲ့သည့်အပြင် ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးများအတွက်နှင့် အဝတ်အထည်များကိုလည်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ ဒေသခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက ဂုဏ်ပြုတေးသီချင်းများနှင့် သီဆိုဖျော်ဖြေပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် တက်ရောက်လာသည့် ဧည့်သည်များနှင့် ခရီးစဉ်တွင် ပါဝင်ခဲ့ကြသူများ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာ တွဲဖက်အထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၁၉၂၅ စောင် စုပေါင်းပေးအပ်ပွဲသို့ တက်ရောက်ချီးမြှင့်အားပေးပြီး ကျေးရွာအတွက် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းထောက်ပံ့ပေးခဲ့သည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် နောင်နန်းကျေးရွာမှ မော်တော်ယာဉ်များဖြင့် မြစ်ကြီးနား–ကန်ပိုက်တီး–ဆဒုံးကားလမ်း ၆၄ မိုင်၏ လမ်းဖောက်လုပ်မှု၊ ကတ္တရာခင်းကျင်းမှု အခြေအနေများကို လှည့်လည်စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်းဒင်မြို့နယ်သို့ စည်းရုံးရေးနှင့် ခရီးရှည်လမ်းလျှောက်ခြင်း ခရီးစဉ်(မိုးယံမှကြယ်ခရီးစဉ်)တွင် ပါဝင်ခဲ့သော ပြည်နယ်၊ တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ၊ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်းဝင်များ၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (ဆက်သွယ်ရေး)

➪ စာမျက်နှာ ၈ မှ

ဆက်လက်၍ ဟိုပုံးမြို့နယ်နှင့် ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ စာကြည့်တိုက် သုံးတိုက်စီကိုလည်းကောင်း၊ ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စာကြည့်တိုက် ခုနစ်တိုက်ကိုလည်းကောင်း၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)နှင့် ကုန္တီတံကုမ္ပဏီတို့မှ ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးစီကိုလည်းကောင်း၊ ရွှေပုဇွန်ကုမ္ပဏီကငွေကျပ် ၅၀၀၀၀ နှင့် ကမ္ဘာ့ဖလား ဖယောင်းတိုင်လုပ်ငန်းမှ ဗွီစီဒီစက် တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

လှူဒါန်းပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရှမ်းပြည်နယ် တောင်ပိုင်း စာကြည့်တိုက်များ ဖွင့်လှစ်ခဲ့ခြင်း ဓာတ်ပုံမှတ်တမ်းပြခန်း၊ ရွှေနေကြာ နံ့ရုံကပ်စာစောင်နှင့် တောင်ကြီး ရှုခင်းသာပန်းခြံတွင် တိရစ္ဆာန်ဥယျာဉ်ဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလှူဒါန်းပွဲတွင် လှူဒါန်းမှုများမှာ တန်ဖိုးကျပ် ၄၁၇၄၅၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် ၃၅ လုံး၊ တန်ဖိုးငွေကျပ် ၆၄၈၀၀ တန်ဖိုးရှိ ရေဒီယို ၈၂လုံး၊ ငွေကျပ် ၁၄၂၁၃၅၀ တန်ဖိုးရှိ စာအုပ်စာစောင် ၅၄၂၀အုပ်၊ ငွေကျပ် ၉၉၃၇၀၀၀၀ တန်ဖိုးရှိ အဆောက်အအုံ ၈၄ လုံး၊ ငွေကျပ် ၇၃၇၀၀၀ တန်ဖိုးရှိ ဗွီစီဒီစက် ၁၈လုံးနှင့် မီးထိန်းစက် ၁၈ လုံး အပါအဝင် ပစ္စည်း၊စာအုပ်၊ အဆောက်အအုံ တန်ဖိုးငွေ စုစုပေါင်းကျပ် ၁၀၆၃၅၁၆၅၀ နှင့် ငွေသားကျပ် ၆၁၂၂၂၀၀ ဖြစ်ရာ ယနေ့ လှူဒါန်းသောပစ္စည်းနှင့် ငွေကြေးတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၁၁၂၄၇၃၈၅၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၃–၄–၂၀၀၇)

မကွေးနှင့်မင်းဘူး	၄၄	ဒီဂရီစင်တီဂရိတ် (၁၁၁ ဒီဂရီဖာရင်ဟိုက်)
ချောက်	၄၂	ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	၃၉	ဒီဂရီစင်တီဂရိတ် (၁၀၃ ဒီဂရီဖာရင်ဟိုက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄–၄–၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အဆိပ်သင့်လူတစ်ယောက် အကြောင်း တရားတော် (အပိုင်း–၂) [အရှင်ခေမိန္ဒ(စစ်ကိုင်း)]
၈း၀၀	အနာဂတ်ကြယ်ပွင့်လေးများ၏ စွမ်းရည်များ
၈း၂၀	ခါသကြ်န်အဆိုအက
၈း၂၅	နိုင်ငံတကာအနုပညာရေးရာ
၈း၅၅	ခါသကြ်န်အဆိုအက
၉း၀၀	ကျွန်းမျောပေါ်ကခရမ်းချဉ်သီး
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၅၅	စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်စ်စက်သုံးကြစို့
၁၀း၁၅	ခါသကြ်န်အဆိုအက
၁၀း၂၀	Midweek Sports News
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၁၀း၅၀	ခါသကြ်န်အဆိုအက
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမ ခင်စောတင့်နှင့် တွေ့ဆုံခြင်း)
၁၁း၂၀	ခါသကြ်န်အဆိုအက
၁၁း၂၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့် အချက်များ
၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅	Music Talk (ခိုင်မြဲသာနှင့်တွေ့ဆုံခြင်း)
၁၂း၂၅	ခါသကြ်န်အဆိုအက
၁၂း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၅	မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ရတနာဈေး
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆နာရီစာအစီအစဉ်များကို နံနက် ၇နာရီမှ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Roma-Man Utd	5-Sports(Live)
	Chelsea-Valencia	5-Series(Live)

မင်္ဂလာဇမ္ဗူဟာ အဘိဓမ္မာသင်တန်းများ

ရန်ကုန် ဧပြီ ၃

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇမ္ဗူဟာအသင်းချုပ်တွင် ဧပြီ ၂၈ ရက်(စနေနေ့)မှစ၍ အဘိဓမ္မာ ဋီကာကျော်သင်တန်းများကို သာသနာရေးဝန်ကြီးဌာန သင်တန်းမှူး ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ ဥဘတောဝိဘင်္ဂရေ B.A (မြန်မာစာ) အရှင်ဝါယမသာရနှင့် အသင်းချုပ် အတွင်းရေးမှူး ဦးစိုးသန်း (ညွှန်ကြားရေးမှူး – ငြိမ်း)၊ ဒေါက်တာ ဦးမင်းဆွေ (ဆေးရုံအုပ်ကြီး)တို့က ဓမ္မဒါနသင်ကြားပေးမည်ဖြစ်၍ ဝိသုဒ္ဓိမဂ်သင်တန်းကို နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ကထိက ဆရာတော် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) အရှင် ပဏ္ဍိတနှင့် သင်တန်းပြဆရာမ လေးဦးတို့က ဓမ္မဒါန သင်ကြားမည်ဖြစ်၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေ) သင်တန်းများကို မိဘကျေးဇူးဆပ်ရန်နှင့် ထေရဝါဒဗုဒ္ဓတရားတော်များကို သိရှိနားလည်ကျင့်သုံးနိုင်စေရန် မည်သူမဆို ကုသိုလ်ယူ တက်ရောက်နိုင်သည်ဟု သိရသည်။ (၂၃)

ဆရာတော်ဦးရေဝတ(ဝါးခယ်မ) တရားပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်း၏ ဦးစီးပဓာန နာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဦးရေဝတ (ဝါးခယ်မ) ဆရာတော်သည် ဧပြီ ၄၊ ၅ရက်တွင် ပြွန်တန်ဆာမြို့နယ် အောင်ကြီးကျေးရွာ၊ ဧပြီ ၆ရက်တွင် ကျောက်တန်းမြို့ ဓမ္မသိဂီ ဆရာတော်ပူဇော်ပွဲ၊ ဧပြီ ၇၊ ၈ ရက်တွင် ပဲခူးမြို့ ဦးအောင်စိုး–ဒေါ်ချို သိက္ခာထပ်အလှူပွဲ၊ ဧပြီ ၉ ရက်တွင် မြောက်ဥက္ကလာပ ဝဇီရာ(၆)လမ်း၊ ဧပြီ ၁၀၊ ၁၁ရက်တွင် ဆိပ်ကမ်းမြို့နယ် (၉၈) ရပ်ကွက်၊ ဧပြီ ၁၄ ရက်တွင် မြောက်ဥက္ကလာပ (၁)ရပ်ကွက် ပန်းဥယျာဉ်လမ်း၊ ဧပြီ ၁၇၊ ၁၈ ရက်တွင် ကော့မှူးမြို့နယ် နဝရတ် မိသားစု မိဘကျေးဇူးဆပ်တရားပွဲနှင့် ဧပြီ ၁၉ရက်တွင် ကြည့်မြင်တိုင် ဆိပ်ကြီး ဦးမြငါးစဉ် ညောင်ညိုပင်လမ်း တရားမဏ္ဍပ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။

(က–ပ)

လက်ထပ်ပြီးစီးခြင်း

သရက်မြို့နေ တပ်ကြပ်လှသိန်း(အငြိမ်းစား)–(ဒေါ်ဥမ္မာမြိုင်)တို့၏သားလတ်

ဗိုလ်ကြီးဇေယျာထွဏ်း B.C.Sc. (D.S.A), M.I.C.Sc. (MIET)

(လက်ထောက်ကထိက၊ စစ်တက္ကသိုလ်)

နှင့်

ရန်ကုန်မြို့နေ အရာခံဗိုလ်လှမြင့်(အငြိမ်းစား)–ဒေါ်ငြိမ်းအေး တို့၏သမီးကြီး

မဥမ္မာမြင့် B.A (Hist;)QII, D.C.Sc., M.I.Sc

(ဦးစီးအရာရှိ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ ၁–၄–၂၀၀၇(တနင်္ဂနွေနေ့) တွင် လက်ထပ်ပြီးစီးပါ၍ ၃–၄–၂၀၀၇ (အင်္ဂါနေ့)တွင် ရွှေမင်းဝံသာသနာ့ရိပ်သာကျောင်းတိုက်၌ မင်္ဂလာဦးဆွမ်းကျွေးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇေယျာထွဏ်း–မဥမ္မာမြင့်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးညွန့်ဇော် (President, Eastern Wealth Co-op Ltd.) –
ဒေါ်ညွန့်ညွန့်ရီတို့၏သား

မောင်သူရဇော် (Manager, Eastern Wealth Co-op Ltd.)

နှင့်

ရန်ကုန်မြို့နေ ဦးဝင်းဋ္ဌေး–ဒေါ်သန်းသန်းဆွေ တို့၏သမီးဦး

မသွယ်သွယ် **3rd Year (Eco;)**

တို့၏ ၁–၄–၂၀၀၇ (တနင်္ဂနွေနေ့) Lion City ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဦးကြည်စိုး (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ပို့ဆောင်ရေးဝန်ကြီးဌာန)နှင့် ဇနီးဒေါက်တာ ဒေါ်ကြည်ကြည်လွင်တို့အားလည်းကောင်း၊မင်္ဂလာလက်ဖွဲ့ပေးပို့သော အကြီးအကဲဆွေမျိုးများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်သက်လင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော စိမ်းမို့မို့နှင့် Lion City တေးဂီတအဖွဲ့အားလည်းကောင်း၊ သတို့သားအရံ မောင်အောင်မျိုးကျော်၊ သတို့သမီးအရံ မသံယောဇဉ်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးသောမခိုင်ဇာဝင်း၊မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သမီးငယ် မခင်သန္တာဦး၊ မင်္ဂလာပန်းကြဲပေးသော မခင်မျိုးနွယ်၊ မိတ်ကပ်နှင့်ဆံပင်အလှ ဖန်တီးပေးသော သောင်းဝင်းထွဋ်၊ ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးသော ဋ္ဌေးဝင်း(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရဇော်–မသွယ်သွယ်

အမည်ပြောင်းခြင်း

အဖ ဦးမျိုးနိုင်၏ သားများဖြစ်ကြသော အလက(၄)မင်္ဂလာဒုံ တတိယတန်းမှ မောင်ဇင်မင်းထွန်းအား မောင်ဥက္ကာမင်းဟု လည်းကောင်း၊ မောင်ဇင်မင်းထွေးအား မောင်ဥက္ကာမျိုးဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်ဥက္ကာမင်း၊ မောင်ဥက္ကာမျိုး

နှစ်(၃၀)ပြည့် မင်္ဂလာဆုတောင်း

ဗိုလ်မှူးချုပ်ဝင်း(ငြိမ်း) တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(ဧရာဝတီ)နှင့် **ဒေါ်စမ်းစမ်းရည်**တို့၏ **၄–၄–၂၀၀၇ ရက်** တွင်ကျရောက်သော **နှစ်(၃၀)ပြည့် မင်္ဂလာရက်မြတ်မှသ**ည် ရွှေရတု၊ စိန်ရတုတိုင်အောင် သာယာချမ်းမြေ့သော မိသားစုဘဝကိုပိုင်ဆိုင်ပြီး ချစ်သောမေမေ၊ မောင်နှမများနှင့် အမြဲပျော်ရွှင်နေနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

ဖေဖေ၊ မေမေ– (ဦးလှထွန်း)–ဒေါ်သန်းမြ
မောင်နှမများ – (ဦးမျိုးဦး)–မမြင့်မြင့်ရီ
(ကိုစိန်ဝင်းအောင် 2/E-M.T.M)
ကိုစိန်ဝင်းမောင် 2/E-Gewin–**မတင်တင်ဝင်း**
ကိုတင်မောင်မြင့် 2/E-Uniteam–**မစီစီမာ**
ကိုဝင်းမော် 2/E-Gewin–**မအေးအေးမာ**
မရီရီမာ
ကိုမိုးသန်းထွန်းC/O-Eastwind–**မသီသီလှိုင်**

သျှရီကာလီမယ်တော် မဟာထီးတင်(သိဒ္ဓိတင်) ရေစင်သွန်းလောင်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း သျှရီကာလီမယ်တော်ကြီး၏ မဟာထီးတင်(သိဒ္ဓိတင်) ရေစင်သွန်းလောင်းပွဲမင်္ဂလာအခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၈နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ နံနက်ပိုင်းတွင် စတုဒိသာ သက်သတ်လွတ်ထမင်းလှူဒါန်းကျွေးမွေးမည်ဖြစ်ပြီး ညနေ ၆ နာရီတွင် ပန်းဘဲတန်းမြို့နယ်အတွင်း လှည့်လည် အပူဇော်ခံမည်ဖြစ်သည်။

ပွဲတော်အထိမ်းအမှတ်အဖြစ် ကျောင်းအတွင်း မီးဟုမ်းပူဇော်ပွဲကို ဧပြီ ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မဟာထီးတင်(သိဒ္ဓိတင်) ဌာပနာပိတ်ပွဲအတွက် လှူဒါန်းလိုသူများသည် ဧပြီ ၉ ရက် နောက်ဆုံးထားပြီး ပွဲတော်ကျင်းပရေးကော်မတီ ဖုန်း–၂၄၆၁၉၆ သို့ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။

(က–ပ)

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း (Myanmar Marine Engineer Association) ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် မိသားစုညစာစားပွဲကို ဧပြီ ၇ရက်(စနေနေ့) ညနေ ၆နာရီတွင် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီး ရေကြောင်းသိပ္ပံကျောင်းရှေ့ရှိ Lion City Restaurant၌ကျင်းပမည်ဖြစ်၍ ညစာစားပွဲ လက်မှတ်များကို လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ဒေါ်ဆွေဇင် ဖုန်း–၂၅၆၈၄၅ မှ ၂၅၆၈၅၀ အထိနှင့် ဦးဝင်းမင်းထွန်း ဖုန်း–၅၂၄၃၈၅ တို့ထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။

(က–ပ)

လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာအေးလမ်း၊ ခြံအမှတ်၁(စီ)နေ
ဗိုလ်မှူးချုပ်ဝင်းမြင့်(ပါမောက္ခချုပ်၊ တပ်မတော်နည်းပညာတက္ကသိုလ်)–ဒေါ်တင်မမထွန်းတို့၏ သားငယ်

မောင်ဖြိုးဝေလင်း

B.C.Sc(U.C.S.Y), Dip. C.S
M.D, Magnolia Co., Ltd.

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အသံလွှင့်ရုံလမ်း၊ ခြံအမှတ်(၅)နေ
ဦးကိုကိုနိုင်(အထွေထွေမန်နေဂျာ၊ ကုန်းလမ်းပို့ဆောင်ရေး)–ဒေါ်မာလာဖြူ(ကထိက၊ စီးပွားရေးပညာဌာန၊
ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ တစ်ဦးတည်းသောသမီး

မချယ်ရီကိုကိုနိုင်

B.B.A

တို့၏ ၂–၄–၂၀၀၇ ရက်တွင် TRADERS HOTEL ၌ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ စုလျားရစ်ပတ် ဘိသိက်သွန်းလက်ထပ်မင်္ဂလာဆောင်နှင်းရာ၌ မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းအားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းအမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ဇနီး ဒေါ်စန်းစန်းရီ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၏ဇနီး ဒေါ်အေးအေး၊ ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်ဇနီးတို့အားလည်းကောင်း၊ သတို့သားနှင့် သတို့သမီးတို့အား စုလျားရစ်ပတ်ဘိသိက်သွန်းလက်ထပ်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဋ္ဌေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အားလည်းကောင်း၊ ၂၆–၂–၂၀၀၇ရက်တွင် Sedona Excutive Club၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဋ္ဌေး၊ စေ့စပ်မင်္ဂလာစကားပြောကြားပေးကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့်ဇနီး ဒေါ်ထွေးရီ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့်ဇနီး ဒေါ်ခင်မေလတ်နှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃၀–၃–၂၀၀၇ရက်တွင် ESPACE AVENIR HOTEL၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီးဦးခင်မြင့်နှင့်ဇနီး၊ အစစစီမံပေးပါသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် နှစ်ဖက်အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ် ဦးတင်စိုးနှင့် ဦးဝင်းမောင်၊ နှစ်ဖက်သောမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအား လည်းကောင်း၊ ၃၁–၃–၂၀၀၇ရက်တွင် ရွှေတိဂုံဘုရား ကုန်းလမ်းပို့ဆောင်ရေးဓမ္မာရုံ၌ မင်္ဂလာဆွမ်းကျွေးတွင် ဝိုင်းဝန်းကူညီပေးကြသော ကုန်းလမ်းပို့ဆောင်ရေးမှ ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ မောင်ခိုင်ရာဇာနှင့် မောင်ဟိန်းထက်လှိုင်၊ မင်္ဂလာသတို့သမီးအရံ မသန္တာမောင်မောင်စိန်နှင့် မပြုံးစန္ဒီ၊ မင်္ဂလာပန်းကြဲပေးသော မောင်ကျော်ဇင်ထွန်းနှင့်မကေဇင်သွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မတင်ဇာအောင်၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မအိမွန်ထူး၊ မေတ္တာဖြင့် စိန်ရတနာဆင်မြန်းပေးသော စိန်ရတနာမှ ဦးဘွန်စိန်နှင့်ဇနီး ဒေါ်ချိုချိုလွင်၊ သတို့သမီးဝတ်စုံအလှဆင်ပေးသောမမဥ္ဇူ၊ ပန်းအလှဆင်လင်းလင်း၊ မိတ်ကပ်ခင်စန်းဝင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုဝဏ္ဏခွာနီး၊ စနေစောင်ဝံမှ မငယ်လေး၊ ကိုကိုကြီးနှင့် ညီများမှ မဝင်းစန္ဒာကြီး၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသည့် နှစ်ဖက်သောဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ TRADERS HOTEL မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ပေးကြသူများအားလည်းကောင်း၊ မင်္ဂလာနေအိမ်တွင် အလှဆင်ပေးကြပါသော SEOUL STUDIO မှ Mrs. KIM အားလည်းကောင်း၊ ၂–၄–၂၀၀၇ရက်တွင် ESPACE AVENIR HOTEL ၌ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးဝေလင်း–မချယ်ရီကိုကိုနိုင်

နှစ်(၃၀)ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးချုပ်ဝင်း**(ငြိမ်း) တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ဧရာဝတီ)နှင့် ချစ်မေမေ**ဒေါ်စမ်းစမ်းရည်**တို့၏ **၄–၄–၂၀၀၇ ရက်**တွင် ကျရောက်သော **နှစ်(၃၀)ပြည့် မင်္ဂလာရက်မြတ်မှ**သည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သမီးများနှင့်အတူ အေးချမ်းသာယာပြည့်စုံသောဘဝကို အတူတကွ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ……

သမီးကြီး – ဒေါက်တာမီချိုဝင်း M.B.,B.S(Ygn)
သမီးငယ် – မေချိုဝင်း B.C.Tech
Air Bagan Ltd.
Pilot-trainee, Malaysia
(လေယာဉ်မောင်းသင်တန်း–ခေတ္တ၊ မလေးရှား)

မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၈ရက် နံနက်၆ နာရီတွင် မြန်မာနိုင်ငံဂေါက်ကွင်း (၉) မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဧပြီ ၃

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ် ၅၆ စက္ကန့်အချိန် ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၂၁၁၇ မိုင်ခန့်ကွာဝေးသောနေရာ မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်မှု ကြည့်ရှုစစ်ဆေး ပွင့်လင်းရာသီအတွင်း ကတ္တရာလမ်းအဖြစ်ပြီးစီးအောင် ကြိုးပမ်းရန်မှာကြား

နေပြည်တော် ဧပြီ ၃

ပဲခူးတိုင်း တောင်ငူမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် တောင်ငူမြို့မှ မော်တော်ယာဉ်ဖြင့် အုတ်တွင်းမြို့သို့ရောက်ရှိပြီး ယင်းမှတစ်ဆင့် ပဲခူးရိုးမဖြတ်လမ်းအတိုင်း ပြည်သို့ ဆက်လက်ထွက်ခွာရာ နံနက် ၉နာရီတွင် မိုင်တိုင်(၉၂)သို့ရောက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၇)က မိုင်တိုင်(၉၂)နှင့်(၉၃)ကြားရှိ ဒု-အခြေခံပထမအလွှာ ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပဲခူးတိုင်းအင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

ကြည့်ရှု
စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပြည် - ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကရင်ပြည်နယ်သည် အေးချမ်းသာယာလာပြီး တရားဥပဒေစိုးမိုးမှုလည်းရှိလာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်နိုင်ပြီဖြစ်၍ မကြာမီတိုးတက်လာမည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများကပါ ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဧပြီ ၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မတ် ၃၁ရက် နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ကော့ကရိတ်မြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်သို့ တက်ရောက်အားပေးပြီး ကော့ကရိတ်မြို့နယ်ခန်းမ၌ ကော့ကရိတ်ခရိုင်နှင့် မြဝတီခရိုင်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ကော့ကရိတ်မြို့၌ ကျင်းပသော ကော့ကရိတ်မြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်သို့ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူအစေ့နှင့် ပျိုးကိုင်းများကို ပေးအပ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ဘားအံမြို့နယ် ဂျိုင်းကျေးရွာရှိ ဂျိုင်းမြစ်ရေတင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)